# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၂၆)၊ ၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း ၇ ရက် ၊ ၄-၄-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra က တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

နေပြည်တော် ဧပြီ ၃

ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်အစည်းအဝေးသို့ တက်ရောက်ရန်ရောက်ရှိနေသော ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများအား ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra က တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်သည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များအား ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဘင်းမ်စတက်အဖွဲ့ ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့်အတူ ကြိုဆိုဂုဏ်ပြုညစာကို အတူတကွသုံး ဆောင်ခဲ့ကြသည်။

စာမျက်နှာ ၄ သို့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra ကြိုဆိုနှုတ်ဆက်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်

နေပြည်တော် ဧပြီ ၃

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

၂၀၂၅ ခုနှစ် ၊ ဧပြီ ၄ ရက်၊ သောကြာနေ့။
မန္တလေး

## ငလျင်ဘေးဒဏ်သင့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြီး ၁၈ကြိမ်အနက် ၁၉၁၂ခုနှစ်၊ မေ ၁၃ရက်တွင် လှုပ်ခတ်ခဲ့သည့် ပြင်းအား ၈ ရစ်(ခ်)တာ စကေးရှိ မေမြို့ငလျင်သည် အပြင်းထန်ဆုံးဖြစ်ခဲ့သည်။ ၂၀၂၅ခုနှစ် မတ် ၂၈ရက် မြန်မာစံတော်ချိန် ၁၂နာရီ ၅၁မိနစ် ၀၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်(ခ်)တာ စကေးရှိ ငလျင်ဖြစ်သည်။

ငလျင်ကြောင့် ဖြစ်ပေါ်လာသည့်ဖြစ်ပျက်မှုများကို သတိပြုရန်နှင့် သင်ခန်းစာရယူရန်လိုကြောင်း၊ ငလျင်လှုပ်ခတ်ပြီးချိန်၌ နေပြည်တော်ကောင်စီနယ်မြေအတွင်း ထိခိုက်မှုများပြားကြောင်း သိရသည့်အတွက် မိမိအနေဖြင့် ငလျင်လှုပ်ခတ်အပြီး နာရီပိုင်းအတွင်း မြို့တွင်းရှိ အချို့သော လမ်းကြောင်းများ၊ အဆောက်အအုံများ အနေဖြင့် ထိခိုက်ပျက်စီးမှု အလွန်များပြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်နှင့်ပတ်သက်၍ မိမိအနေဖြင့် အသိပေးပြောကြားချက်တစ်ခုကို ချက်ချင်းထုတ်ပြန်ပြောကြားခဲ့ကြောင်း၊ ထိုသို့ထုတ်ပြန်ချိန်တွင် မိမိတို့နိုင်ငံတစ်ခုတည်းအနေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်မှာ အချိန်များစွာ ရယူရမည်ဖြစ်သည့်အတွက် ပြည်ပမှ အကူအညီများ ရရှိစေရေးအတွက်လည်း ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ထိုသို့ပြောကြားခဲ့သဖြင့် ငလျင်လှုပ်ခတ်မှု ဖြစ်ပွားအပြီး အချိန်နာရီအတိုင်းအတာ တစ်ခုအတွင်း တရုတ်နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ အပါအဝင် နိုင်ငံတကာမှ ကူညီထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိလာခြင်းကြောင့် ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း ဝိုင်းဝန်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာကိုလည်း မိမိအနေဖြင့် များစွာကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဧပြီ ၁ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပေါင်းကွင်း၌ ကျင်းပသည့် ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် အလားတူ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်တို့အနေဖြင့်လည်း လိုအပ်သည့်အကူအညီများ ပေးအပ်နိုင်ရေး ဖုန်းဖြင့်ဆက်သွယ်ပြောကြားသကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်အပါအဝင် ကမ္ဘောဒီးယားနိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ နီကာရာဂွာနိုင်ငံတို့မှ အကြီးအကဲများကလည်း ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်း သဝဏ်လွှာများ ပေးပို့ဆက်သွယ်ခြင်းနှင့် အခြားလိုအပ်သည်များကို ပေးအပ်ခဲ့ကြကြောင်း၊ နိုင်ငံတော်အနေဖြင့် ဘီလီယံ ၅၀၀ ကို မ,တည်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ငလျင်နှင့်ပတ်သက်၍ အလေးထားပြီးဆောင်ရွက်ရန်လိုအပ်ချက်များရှိသည်ကိုတွေ့ရကြောင်း၊ အဆောက်အအုံများနှင့်ပတ်သက်၍လည်း အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် ငလျင်ဒဏ်ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ဆောင်ရွက်ခဲ့သည်များရှိခြင်းကြောင့် ယခုဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးတွင် မလိုလားအပ်ဘဲ သေဆုံးခဲ့ရမှုများ၊ ဒဏ်ရာရရှိမှုများနှင့် ပျက်စီးမှုများခဲ့ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်က ငလျင်ဘေးဒဏ်သင့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရသည့် လမ်းတံတားများ၊ နိုင်ငံပိုင်အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ငလျင်ဒဏ်သင့် ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ၁၈ လမ်းနှင့် ၁၉လမ်းကြား၊ ၈၆လမ်းတွင်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ ၅၇လမ်း၊ ၁၁၃ လမ်းနှင့် ၁၁၃(A)လမ်းကြားတွင်လည်းကောင်း ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များကို နံနက် ၈နာရီမှ စတင်ပြီး ဧပြီ ၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်းနှင့် ၇၆လမ်းတွင်လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည် ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

## အမျိုးသမီးများအကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ Talk Show ကျင်းပ




**ငဖဲ ဧပြီ ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ခန်းမတွင် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့်ပူးပေါင်း၍ အမျိုးသမီးများအကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ Talk Show ကို ယနေ့ နံနက် ၁၁ နာရီက ကျင်းပပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာကျော်က အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်း ဦးစီးဌာနမှ လူမှုဝန်ထမ်း-၃ ဒေါ်နှင်းနွယ်အောင်က အမျိုးသမီးများနေ့ဖြစ်ပေါ်လာပုံ၊ အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာများ၊ အကြမ်းဖက်မှုအမျိုးအစားများ၊ အကြမ်းဖက်မှုဖြစ်ပွားရခြင်း အကြောင်းအရင်း၊ အကြမ်းဖက်မှုကို လွှမ်းမိုးနေသောအကြောင်းအရင်းများ၊ အမျိုးသမီးများအတွက် အန္တရာယ်ပိုများစေသော အကြောင်းအရာများ၊ အကြမ်းဖက်မှုခံရခြင်းဖြင့် ရရှိနိုင်သော အကျိုးဆက်များ၊ အမျိုးသမီးများ အကြမ်းဖက်ခံရမှုနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးမှုအခြေအနေများကို အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မယု(ငဖဲ)

## ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်



**မိုင်းယောင်း ဧပြီ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ယမန်နေ့ညနေပိုင်းက အမှတ်(၁)ရပ်ကွက်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ မိုင်းယောင်းမြို့နယ်၊ အမှတ်(၁) ရပ်ကွက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမှုထမ်းဝန်ထမ်းတို့နေအိမ်တွင် ဝန်ထမ်းမိသားစုများ တပိုင်တနိုင် စားဖိုဆောင်သီးနှံ ဘူးသီး၊ ငရုတ်၊ သံပုရာ၊ နာနတ် စိုက်ပျိုးထားရှိမှုနှင့် တပိုင်တနိုင် ဒေသကြက်၊ ငါးမွေးမြူထားမှုအား မြို့နယ်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ယာပုံ)

မြို့နယ်(ပြန်/ဆက်)

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နီပေါနိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. K P Sharma Oli နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နီပေါနိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. K P Sharma Oli နှင့်တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဧပြီ ၃

ထိုင်းနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် BIMSTEC အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နီပေါနိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. K P Sharma Oli နှင့် ယနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် ဗန်ကောက်မြို့ရှိ Shangri – La ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဦးစွာ နီပေါနိုင်ငံဝန်ကြီးချုပ်က မကြာခင်က မြန်မာနိုင်ငံတွင် ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မိမိနှင့်အတူ နီပေါပြည်သူများက မြန်မာပြည်သူများနှင့်အတူ ထပ်တူ ဝမ်းနည်းရပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လည်း ဆေးကုသရေးအဖွဲ့များအပါအဝင် ကူညီကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ထားပြီးဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၌ ၂၀၁၅ ခုနှစ်အတွင်း ငလျင်လှုပ်ခတ်ခဲ့စဉ်က လည်း သေဆုံးသူ ၉၀၀၀ ကျော်ခန့်ရှိပြီး ထိခိုက်သူ ၂၃၀၀၀ ကျော်ရှိခဲ့ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများ ပြန်လည်ထူထောင်ရေး အတွက်လည်း ဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတို့ နီပေါနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ချစ်ကြည်ရင်းနှီးသည့်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နီပေါနိုင်ငံဝန်ကြီးချုပ် Rt. Hon. Mr. K P Sharma Oli တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

### ပြောကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိမိတို့နိုင်ငံတွင် ပြင်းထန်ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် နီပေါနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးမှုများအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ရှေးယခင်ကတည်းက ချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ်ပြီး မိမိတို့နိုင်ငံတပ်မတော်၌ နီပေါနွယ်ဖွား ဂေါ်ရခါးလူမျိုးများ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် နီပေါလူမျိုးအများအပြား နေထိုင်လျက်ရှိပြီး ရှေးယခင်ကတည်းက မြန်မာလူမျိုးများနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းနေထိုင်ခဲ့ကြကြောင်း၊ နှစ်နိုင်ငံအလှမ်းကွာဝေး သော်လည်း ချစ်ကြည်ရင်းနှီးမှုရှိပြီး နိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးမြှင့် ဆောင်ရွက်သွားလိုကြောင်း၊ ၂၀၁၅ ခုနှစ်တွင် နီပေါငလျင်လှုပ်ခတ်ခဲ့စဉ်က လည်း မိမိတို့ မြန်မာ့တပ်မတော်မှ ကယ်ဆယ်ရေး ပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီပေးပို့ကူညီပေးခဲ့သကဲ့သို့ ယခုမိမိတို့နိုင်ငံ၌ ငလျင်ဘေးဒဏ်ကျရောက်ချိန်၌လည်း အချိန်နှင့် တစ်ပြေးညီ ကူညီ ဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း အဆွေတော်တို့နိုင်ငံအနေဖြင့် အတွေ့အကြုံရှိပြီးဖြစ်သဖြင့် မိမိတို့ကိုလည်း အဆိုပါအတွေ့အကြုံများကို မျှဝေပေးသွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ ယခုနှစ် ဒီဇင်ဘာလအတွင်း လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့သည် နိုင်ငံတကာမျက်နှာစာတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်အစည်းအဝေးမှ တစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး နီပေါနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နီပေါအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နီပေါနိုင်ငံဝန်ကြီးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများကို အပြန်အလှန် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

★ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ ယခုနှစ် ဒီဇင်ဘာလအတွင်း လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ ဆွေးနွေး

ရှေ့ဖုံးမှ

အဆိုပါ ကြိုဆိုဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအကြီးအကဲများ ဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အကြံပေးပုဂ္ဂိုလ်ချုပ် Dr. Muhammad Yunus၊ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Tshering Tobgay၊ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. KP Sharma Oli သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ် H.E. Dr. Harini Amarasuriya နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ သတင်းစဉ်



ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarm Shinawatra က တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အကြိမ် (၂၀)မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ ပါဝင်တက်ရောက်

နေပြည်တော် ဧပြီ ၃

ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် အကြိမ် (၂၀)မြောက် ဘင်းမ်စတက် နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။




အစည်းအဝေးတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ် ဆတ်ငီယမ်ဖုန်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အခြားဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့လည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး မစတင်မီ ဝန်ကြီးများနှင့် တက်ရောက်လာသည့် ကိုယ်စားလှယ်များသည် မြန်မာနှင့် ထိုင်းနိုင်ငံတို့၌ ငလျင်ဒဏ်ကြောင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ အတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်ကြသည်။ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးရမှုများအတွက် စာနာထောက်ထားကြောင်းနှင့် အကူအညီများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးရမှုများအတွက် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများက ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ခြင်းနှင့် အကူအညီများပေးအပ်ခြင်းတို့အတွက် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဆဋ္ဌမအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး၌ ဘင်းမ်စတက်ဗန်ကောက် မျှော်မှန်းချက် (၂၀၃၀)နှင့် ဘင်းမ်စတက် ယန္တရားများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုနိုင်တော့မည်ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဘင်းမ်စတက် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး ကဏ္ဍ၏ ဦးဆောင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ပထမအကြိမ် စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို လက်ခံကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်ပို့ဆောင်ဆက်သွယ်ရေး ပင်မစီမံကိန်း အကောင်အထည် ဖော်မှုနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်း တိုးတက်မှု ရရှိရေးအတွက် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက် ပဋိညာဉ်စာတမ်းပါ ရည်မှန်းချက်များ ရရှိစေရန်နှင့် သာယာဝပြော၍ ကြံ့ကြံ့ခံနိုင်သော ပွင့်လင်းမြင်သာသည့် ဘင်းမ်စတက် တည်ဆောက်ရေးအတွက် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းအတည်ပြုပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အကြိမ် (၂၀)မြောက် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမတိုင်မီ ကျင်းပသည့် ပင်လယ်ရေကြောင်း ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်လက်မှတ်ရေးထိုးသည်။

ထိုင်းနိုင်ငံက ဆဋ္ဌမအကြိမ် ဘင်းမ်စတက်ထိပ်သီး အစည်းအဝေးနှင့်ဆက်စပ်၍ ဘင်းမ်စတက် လူငယ်မျိုးဆက်သစ် ဖိုရမ်ကို ဧပြီ ၂ ရက်မှ ၃ ရက်အထိ လက်ခံကျင်းပလျက်ရှိပြီး အဆိုပါဖိုရမ်တွင် မြန်မာနိုင်ငံကိုယ်စားပြု၍ ပုဂ္ဂလိကကဏ္ဍမှ လူငယ်စီးပွားရေး လုပ်ငန်းရှင်တစ်ဦး ပါဝင်တက်ရောက်လျက်ရှိသည်။

သတင်းစဉ်

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူနေသည့် မြန်မာအလုပ်သမားများကို သွားရောက်တွေ့ဆုံအားပေး

နေပြည်တော် မတ် ၃

မတ် ၂၈ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ မြေငလျင်လှုပ်ခတ်၍ ဆောက်လုပ်ဆဲအဆောက်အအုံ ပြိုကျပျက်စီးမှုကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူနေသော မြန်မာအလုပ်သမားများကို မြန်မာသံရုံး ဗန်ကောက်မြို့ သံအမတ်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ အလုပ်သမားသံအရာရှိ ဦးရန်နောင်နှင့် ပထမအတွင်းဝန် ဦးစန်းနေသွေးတို့က မတ် ၃၁ ရက် ညနေပိုင်းတွင် Phya Thai ဆေးရုံသို့ သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မတ် ၃၁ ရက်တွင် အလုပ်သမားသံအရာရှိ ဦးရန်နောင်၊ ပထမအတွင်းဝန် ဦးစန်းနေသွေးတို့က ငလျင်လှုပ်ခတ်၍ အဆောက်အအုံပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသဖြင့် Phya Thai ဆေးရုံတွင် ဆေးကုသမှုခံယူနေသော ဦးမြင့်အောင်၊ ၄၂ နှစ်၊ မကွေးတိုင်းဒေသကြီး သရက်မြို့၊ ဦးထွန်းလင်းအောင်၊ ၃၃ နှစ်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့၊ ဦးသော်ဇင်နိုင်၊ ၄၃ နှစ်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နှင့် ဦးမိုးဝေ၊ ၄၇ နှစ်၊ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့တို့ကို Phya Thai ဆေးရုံသို့သွားရောက်၍အားပေးစကားပြောကြားခဲ့ပြီး မြန်မာသံရုံး၊ မိသားစုက လှူဒါန်းသော ထောက်ပံ့ငွေကို ပေးအပ်သည်။

ထို့အပြင် Vajira Hospital ၌ ဆေးကုသမှုခံယူနေသော မောင်ဇော်မြင့်နှင့် မောင်အောင်နိုင်တို့ကို ဆက်လက်သွားရောက်တွေ့ဆုံ၍ အချက်အလက်များရယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ထိုင်းနိုင်ငံသို့ထွက်ခွာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphatra Srimaitreephithak နှင့် တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

နေပြည်တော် ဧပြီ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ယနေ့မွန်းလွဲ ၂ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်မှ ထွက်ခွာကြရာ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphatra Srimaitreephithak နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ခရီးစဉ်တွင် လိုက်ပါသွားကြ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၅၀ မိနစ်တွင် ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ်(Wing-6)သို့ ရောက်ရှိကြရာ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး H.E. Mr. Phiphat Ratchakitprakan၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**ထိရောက်စွာဆောင်ရွက်နိုင်**

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီး အစည်းအဝေးသို့ တက်ရောက်ခြင်းနှင့် ခရီးစဉ်အတွင်း အစည်းအဝေးသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေး၍ မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ကြုံတွေ့နေရသည့် အခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး H.E. Mr. Phiphat Ratchakitprakan၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများက ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ်(Wing-6)၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

> **ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆဋ္ဌမအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခြင်းနှင့် ခရီးစဉ်အတွင်း အစည်းအဝေးသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေး၍ မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ကြုံတွေ့နေရသည့် အခြေအနေများ၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးဆောင်ရွက်သွားမည်**

# မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့

နေပြည်တော် ဧပြီ ၃

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံတကာမှ သမ္မတများ၊ ဝန်ကြီးချုပ်များနှင့် အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။

အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် မွန်ဂိုလီးယားနိုင်ငံ သမ္မတ KHURELSUKH UKHNAA ကလည်းကောင်း၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် Pak Thae Song ကလည်းကောင်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ANWAR IBRAHIM ကလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အဆိုပါ သဝဏ်လွှာများတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့်အတွက် မိမိတို့အနေဖြင့် မြန်မာနိုင်ငံအတွက် အထူးဝမ်းနည်းကြေကွဲရပါကြောင်း၊ မြေပြင်တွင် သက်စွန့်ဆံဖျားကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ကယ်ဆယ်ရေးဝန်ထမ်းများနှင့်အတူ ပြည်သူများ၏အသက်ကို ကယ်တင်ရန်အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် အရေးပေါ်ကယ်ဆယ်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် အကူအညီပေးရန် နှစ်နိုင်ငံကြားသော်လည်းကောင်း၊ အာဆီယံမှတစ်ဆင့်သော်လည်းကောင်း မြန်မာနိုင်ငံသို့ပေးအပ်နိုင်သည့် အထောက်အပံ့များအားလုံးကို ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာပြည်သူများကိုယ်စား ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ၎င်းတို့၏မိသားစုဝင်များအပေါ် များစွာစာနာထောက်ထားပါကြောင်း၊ မြန်မာပြည်သူများအနေဖြင့် ယခုကဲ့သို့ ခက်ခဲသည့်အချိန်ကာလကို အမြန်ဆုံးကျော်လွှားနိုင်ပြီး ၎င်းတို့၏ လူမှုဘဝကို ပြန်လည်တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအား ငလျင်ဒဏ်အပြီး ပုံမှန်အနေအထားသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိပါစေကြောင်း၊ ငလျင်ကျရောက်ရာဒေသမှ ပြည်သူများဘဝ တည်ငြိမ်အေးချမ်းမှုရရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း၊ ယခုကဲ့သို့ သဘာဝဘေးဒဏ်ခံစားနေရသည့်အချိန်ကာလတွင် အာဆီယံသည် မြန်မာပြည်သူများအတွက် မှီခိုအားထားရသည့် မိတ်ဆွေကောင်းအဖြစ် ယုံကြည်စိတ်ချနိုင်ရန် ရှိနေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံးအတွက်ဝမ်းနည်းဖွယ်ကာလတွင် အဖွဲ့အစည်းအားလုံး၏ ကြိုးပမ်းအားထုတ်မှုများသည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့အား ကယ်ဆယ်ရေး၊ ခံစားရသည့်နာကျင်မှုများ လျော့ပါးသက်သာရေးနှင့် ထိခိုက်ပျက်စီးခဲ့ရသည့် လူ့အသိုက်အဝန်းများ ပြန်လည်ထူထောင်ရေးအတွက် ဦးတည်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း တို့ဖြင့် အသီးသီးဖော်ပြထားကြကြောင်း သိရသည်။ **သတင်းစဉ်**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မကြာသေးမီက မြန်မာနိုင်ငံအလယ်ပိုင်းတွင်ဖြစ်ပွားခဲ့သည့် ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူများ အသက်အိုးအိမ်စည်းစိမ်အမြောက်အမြားပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း ဖော်ပြအပ်ပါသည်။

မွန်ဂိုလီးယားနိုင်ငံပြည်သူများကိုယ်စား မိမိအနေဖြင့် ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ၎င်းတို့၏မိသားစုဝင်များအပေါ် များစွာစာနာထောက်ထားပါကြောင်း ဖော်ပြအပ်ပါသည်။

ယခုကဲ့သို့သော ခက်ခဲသောအချိန်ကာလတွင် မွန်ဂိုလီးယားပြည်သူများအနေဖြင့် ရင်းနှီးဖော်ရွေသော မြန်မာပြည်သူများနှင့်အတူ တစ်သားတည်းရပ်တည်လျက်ရှိပါကြောင်းနှင့် ၎င်းတို့၏ စာနာထောက်ထားမှုအား မျှဝေပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာပြည်သူများအနေဖြင့် ယခုကဲ့သို့သော ခက်ခဲသည့်အချိန်ကာလကို အမြန်ဆုံး ကျော်လွှားနိုင်ပြီး ၎င်းတို့၏လူမှုဘဝကို ပြန်လည်တည်ဆောက်နိုင်မည်ဟု ယုံကြည်ကြောင်း ဖော်ပြအပ်ပါသည်။

KHURELSUKH UKHNAA
မွန်ဂိုလီးယားနိုင်ငံ
သမ္မတ

အူလန်ဘာတာ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၉ ရက်။

---

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

နိုင်ငံတော်ဝန်ကြီးချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေပြည်တော်

မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတွင် လှုပ်ရှားခဲ့သည့် အင်အားအဆမတန်ပြင်းထန်သောမြေငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း စိတ်မကောင်းဖွယ်ရာကြားသိရသည့်အတွက် အဆွေတော်နှင့်မြန်မာပြည်သူများ အထူးသဖြင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးခဲ့ရသည့်မိသားစုများအတွက် များစွာဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ငလျင်ဒဏ်အပြီး ပုံမှန်အနေအထားသို့ အမြန်ဆုံးပြန်လည်ရောက်ရှိပါစေကြောင်းနှင့် ငလျင်ဒဏ်ကျရောက်ရာဒေသမှ ပြည်သူများဘဝ တည်ငြိမ်အေးချမ်းမှုရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပတ်သဲဆုန်း
ဝန်ကြီးချုပ်
ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ
ပြုံယမ်း၊ မတ်လ ၃၁၊ ၂၀၂၅

---

မလေးရှားနိုင်ငံ ဝန်ကြီးချုပ်

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၀ ရက်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေပြည်တော်

အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အတွက် မလေးရှားနိုင်ငံကိုယ်စား မိမိအနေဖြင့် မြန်မာနိုင်ငံအတွက် အထူးဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးသူများ၏ ကျန်ရစ်သူမိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ပျောက်ဆုံးနေသူများလည်း ဘေးကင်းလုံခြုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ မိမိတို့သည် မြေပြင်တွင်သက်စွန့်ဆံဖျား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ကယ်ဆယ်ရေးဝန်ထမ်းများနှင့်အတူ ပြည်သူများ၏အသက်ကို ကယ်တင်ရန်အသင့်ရှိပါသည်။

မလေးရှားနိုင်ငံသည် မြန်မာပြည်သူများနှင့်အတူ ခိုင်မာညီညွတ်စွာ လက်တွဲရပ်တည်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။ မြန်မာနိုင်ငံတွင် အရေးပေါ်ကယ်ဆယ်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် အကူအညီပေးအပ်ရန် နှစ်နိုင်ငံအကြားသော်လည်းကောင်း၊ အာဆီယံမှတစ်ဆင့်သော်လည်းကောင်း မြန်မာနိုင်ငံသို့ ပေးအပ်နိုင်သည့် အထောက်အပံ့များအားလုံးကို ပေးအပ်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ငလျင်ဒဏ်သင့်မြန်မာပြည်သူများအား ရင်းဂစ် ၁၀ သန်း တန်ဖိုးရှိလူသားချင်းစာနာထောက်ထားမှု အကူအညီများကို အမြန်ဆုံးပေးအပ်နိုင်ရန် ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။ မလေးရှားနိုင်ငံသည် ၂၀၂၅ ခုနှစ် အာဆီယံဥက္ကဋ္ဌဖြစ်သည့်အားလျော်စွာ အာဆီယံ၏စည်းလုံးညီညွတ်မှုနှင့် ခိုင်မာတောင့်တင်းမှုကို ပြသရန်တာဝန်ရှိပါသဖြင့် မိမိ၏နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့ကို မြန်မာနိုင်ငံသို့စေလွှတ်၍ လိုအပ်သည်များဆောင်ရွက်ရန် ညွှန်ကြားထားပါသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် အရေးပေါ်လိုအပ်သည့် လူသားချင်းစာနာမှု အကူအညီများနှင့် နည်းပညာအထောက်အပံ့များ ဆောလျင်စွာပံ့ပိုးနိုင်ရေးအတွက် မိမိ၏အာဆီယံလုပ်ဖော်ကိုင်ဖက်များနှင့်အတူ လုပ်ငန်းစီမံချက်တစ်ခုကို ရေးဆွဲသွားမည်ဖြစ်ပါသည်။ ၁၇-၄-၂၀၂၅ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ၂၀၂၅ ခုနှစ် အာဆီယံဥက္ကဋ္ဌ၏ အလွတ်သဘောအကြံပေးကောင်စီအစည်းအဝေးကို မိမိက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက် ကျင်းပမည်ဖြစ်ပြီး ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံဆိုင်ရာအခြေအနေကိုလည်း ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ပါသည်။

ယခုကဲ့သို့ ခက်ခဲနေသည့်ကာလတွင် အာဆီယံသည် မြန်မာပြည်သူများအတွက် မှီခိုအားထားရသည့် မိတ်ဆွေကောင်းအဖြစ် ယုံကြည်စိတ်ချနိုင်ရန် ရှိနေမည်ဖြစ်ပါသည်။ နိုင်ငံတစ်ဝှမ်းလုံးအတွက် ဝမ်းနည်းဖွယ်ကာလတွင် ကြိုးပမ်းအားထုတ်မှုများအားလုံးသည် ပြည်သူများ၏အသက် ကယ်ဆယ်ရေး၊ ခံစားနာကျင်မှုများ လျော့ပါးသက်သာရေးနှင့် ထိခိုက်ခံစားရသည့် လူ့အသိုက်အဝန်းများ ပြန်လည်ထူထောင်ရေးအတွက် ဦးတည်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

အန်ဝါ အီဗရာဟင်
၂၀၂၅ ခုနှစ်၊ မတ်လ ၃၀ ရက်

---

## အချိန်အခါမဟုတ်မိုးရွာနိုင်မည့် သတိပေးချက်

နေပြည်တော် ဧပြီ ၃

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိလေဖိအားကြီးရပ်ဝန်းဒေသမှရွေ့လျားလာသောလေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဧပြီ ၅ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် ဧပြီ ၆ ရက်မှ ၁၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဇမ္ဗူသီရိမြို့နယ်ရှိ မြို့ရေပေးဝေရေး အကူဆည်တစ်ခုဖြစ်သည့် ရေငန်းတမံလျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

★ စာမျက်နှာ ၂၄ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်အတွင်းသို့ သောက်သုံးရေများ ဖြန့်ဝေပေးသည့် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်တမံ လျှင်ဒဏ်ကြောင့် တမံများ ထိခိုက်ပျက်စီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် သိရှိလိုသည်များမေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ အဆိုပါ ရန်အောင်မြင်တမံသည် မြို့ ရေပေးဝေရေးတစ်စိတ်တစ်ပိုင်းပံ့ပိုးပေးနေသည့် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၃၆ ပေ၊ တမံအလျား ပေ ၄၀၆၀၊ ရေဆင်းဧရိယာမှာ ၁၁ စတုရန်းမိုင်ရှိပြီး ကန်းကျောတမံ၏ ကန်ရေအပြည့် အမှတ် Full Tank Level အထက်တွင် မြေသားသုံးပေမှာ မြေလျှင်ဒဏ်ကြောင့် မြေသားများ ကျိုးပြတ်ပြိုကျအက်ကွဲမှု (Failure) ဖြစ်ပေါ်လျက်ရှိသဖြင့် သက်ဆိုင်ရာမှ ယာယီရေတားတမံအဖြစ် အဆိုပါ ရေတားတမံ၏ အောက်တွင် ကန်းကျောတမံ အသစ်တစ်ခု တည်ဆောက်ကာ ဒုတိယကန်းကျောတမံ နေရာတွင် တာထောက်၍ တာပြန်ဖို့ခြင်း လုပ်ငန်းများကို ပြန်လည်ပြုပြင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် တမံကျိုးပေါက်နိုင်မှု အန္တရာယ် လုံးဝမရှိသည်ကို စစ်ဆေးတွေ့ရှိပါကြောင်း သိရသည်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဇမ္ဗူသီရိမြို့နယ်ရှိ ချောင်းမကြီးရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။

## စိုးရိမ်ဖွယ်ရာမရှိ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ်ရှိ မြို့ရေပေးဝေရေး အကူဆည်တစ်ခုဖြစ်သည့် ရေငန်တမံကိုလည်း လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ အဆိုပါ ရေငန်းတမံသည် မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအမြင့်ပေ ၃၀၊ တမံအလျား ပေ ၁၀၀၀၊ ရေဆင်းဧရိယာမှာ ဧက ၁၂၀၀ ရှိပြီး တမံ၏ထိပ်ပြင်အပိုင်းတွင် အက်ကြောင်းများ ဖြစ်ပေါ်ခြင်း ရေထုတ်ပြွန်အနီး တမံ၏ အပြင်ဘက်အပိုင်းအချို့မှာ လျှင်ဒဏ်ကြောင့် ကျိုးပြတ်အက်ကွဲမှုများ ဖြစ်ပေါ်ခဲ့သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက တမံအတွင်းမှ ရေဖိအား လျော့နည်းစေရေး လေးပေခန့် ရေထုတ်လျှော့ချပြီး ပြုပြင်ရေး လုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပြီး စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ်ရှိ ချောင်းမကြီးရေလှောင်တမံသို့ ရောက်ရှိရာ တာဝန်ရှိသူများက နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဆည်/တမံဆိုင်ရာ အချက်အလက်များ၊ တမံများ၏ ကြံ့ခိုင်မှုအခြေအနေနှင့် လျှင်ဒဏ်ကြောင့် တမံပျက်စီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းပြီး ဆည်/တမံများ၏ ကြံ့ခိုင်မှုများကို စနစ်တကျ စစ်ဆေးရန်နှင့် လိုအပ်ပါက တမံအောက်ခြေသို့ တပ်မတော်(ရေ)မှ ကျွမ်းကျင်ရေငုပ်စစ်သည်များနှင့် ရေအောက်ကင်မရာများ အသုံးပြု၍ စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းသို့ သောက်သုံးရေများ ဖြန့်ဝေပေးသည့် တမံများဖြစ်သည့်အတွက် တမံများ ကျိုးပေါက်မှုမရှိစေရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး စနစ်တကျစီမံဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## အားပေးစကားပြောကြား

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ ဖွင့်လှစ်ထားရှိသည့် ယာယီဆေးရုံ (ပေါင်းလောင်း)၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် လျှင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရပ်သားပြည်သူများအား သွားရောက်ကြည့်ရှု၍ ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများ၊ ရောဂါသက်သာပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံမေးမြန်းကာ အားပေးစကား ပြောကြားသည်။

အဆိုပါ ယာယီဆေးရုံ (ပေါင်းလောင်း)ကို တပ်မတော်နှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့မှ ဆေးကုသမှုပါရဂူ၊ ခွဲစိတ်ပါရဂူ၊ သားဖွားမီးယပ်ပါရဂူ၊ ကလေးပါရဂူ၊ အရိုးပါရဂူ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူ၊ မေ့ဆေးပါရဂူ၊ ရောဂါဗေဒနှင့် ဓာတ်မှန်ပါရဂူ၊ ဆေးဝါးဗေဒပါရဂူ၊ ပြည်သူ့ကျန်းမာရေး ပါရဂူ၊ ဆေးမှူးများ၊ သူနာပြုအရာရှိ၊ စစ်သည်များနှင့်အတူ ရွေ့လျားခွဲစိတ်ကုသယာဉ်၊ ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်များ၊ လိုအပ်သော ဆေးဝါးပစ္စည်းကိရိယာတို့ဖြင့် လျှင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများနှင့် အခြားလူနာများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများကို နေ့/ည မပြတ် ကြပ်မတ်ကုသပေးလျက်ရှိသည်။ ယနေ့အထိ အရေးကြီးလူနာ ၃၆ ဦးနှင့် ပြင်ပလူနာ ၆၀ တို့အား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်သည်။ ထို့အပြင် အဆိုပါ ယာယီဆေးရုံ (ပေါင်းလောင်း)၌ ဘူတန်နိုင်ငံဘုရင်က စေလွှတ်ပေးသည့်ဘူတန်ဆေးကုသရေးအဖွဲ့ဝင် ၄၀ ကလည်း လိုအပ်သောဆေးဝါးပစ္စည်းများနှင့်အတူ ပူးပေါင်းပါဝင်၍ လိုအပ်သည့် ဆေးကုသခြင်းများ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ ဘူတန်ဆေးကုသရေးအဖွဲ့သည် သီးခြားယာယီဆေးရုံ တည်ဆောက်လျက်ရှိပြီး လျှင်ဒဏ်သင့် လူနာများအား လူသားချင်းစာနာ ထောက်ထားမှုဖြင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းရုံး(MCI)အဆောက်အအုံများ လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးမြို့ရှိ လျှင်ဘေးသင့်ဝန်ထမ်းများအား သွားရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)သို့ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဆပ်ပြာစက်ရုံ(မန္တလေး)မှ စက်ရုံမှူးနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျောက်ပြားစက်ရုံ(စကျင်)တို့မှ ဝန်ထမ်းများအားလည်းကောင်း သီးခြားစီတွေ့ဆုံသည်။




### အားပေးစကား ပြောကြား

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများနှင့် ပတ်သက်ပြီး တတ်ကျွမ်းနားလည်သည့် ဆရာ ဆရာမများမှ ပျက်စီးခဲ့မှုများကို ဦးစွာစစ်ဆေး၍ အန္တရာယ်ရှိ၊ မရှိစစ်ဆေးသွားရန်၊ ပျက်စီးမှုအခြေအနေကို အသေးစိတ်ပြုစု၍ စနစ်တကျမှတ်တမ်းထားရှိရန်၊ ဝန်ထမ်းတစ်ဦးချင်း ကျန်းမာရေးကောင်းမွန်အောင် စနစ်တကျနေထိုင်ရန်၊ ပျက်စီးသွားသည့် အဆောက်အအုံများသည် အန္တရာယ်ဖြစ်ပေါ်နိုင်ပါက သတိပေးဆိုင်းဘုတ်များ တပ်ဆင်ချိတ်ဆွဲထားရန်၊ ယခုပျက်စီးခဲ့မှုအခြေအနေနှင့်ပတ်သက်၍ နောင်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများသိရှိနိုင်ရေးအတွက် ဓာတ်ပုံမှတ်တမ်းများနှင့်အတူ စနစ်တကျမှတ်တမ်းတင်ထားရန်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထုတ်ပြန်သည့် သတင်းအချက်အလက်၊ အမိန့်၊ ညွှန်ကြားချက်များကို အမြဲမပြတ်လေ့လာဖတ်ရှု၍ လိုက်နာဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့်ဝန်ထမ်း ၅၆ ဦး၊ ဆပ်ပြာစက်ရုံ(မန္တလေး)မှဝန်ထမ်း ၄၃ ဦး၊ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်း ၈၇ ဦး၊ ကျောက်ပြားစက်ရုံ(စကျင်)မှ ဝန်ထမ်းကိုးဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၁၉၅ သိန်း၊ ဝန်ထမ်းမိသားစုဝင်လေးဦး သေဆုံးခဲ့သည့်အတွက် တစ်ဦးလျှင် ခုနစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၈ သိန်း စုစုပေါင်း ငွေကျပ် ၂၂၃ သိန်းနှင့် အသင့်စားခေါက်ဆွဲများ၊ ဆီများ၊ အာဟာရမုန့်များကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ဝန်ထမ်းများနှင့် တွေ့ဆုံအားပေး၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်



မန္တလေး ဧပြီ ၃

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ငလျင်ဒဏ်ခံ ပြည်သူများအား တွေ့ဆုံအားပေးသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ကွယ်လွန်သွားသည့် ဝန်ထမ်းများနှင့်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နေ့လယ်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဦးစီးမှူးနှင့်အတူ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနခွဲမှ ဝန်ထမ်းများနှင့် စစ်ကိုင်းဇုန်နယ် ထပ်ဆင့်လွှင့်စက်ရုံများမှ ဇုန်နယ်မှူး၊ သတင်းနှင့်စာနယ်ဇင်း၊ မန္တလေးကိုယ်ပွားသတင်းစာတိုက်တာဝန်ခံနှင့် ဝန်ထမ်းများ၊ စာပေဗိမာန်စာကြည့်တိုက်မှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလုပ်ငန်း အထက်မြန်မာပြည် ပုံနှိပ်တိုက်ခွဲသို့ ရောက်ရှိပြီး စက်ပစ္စည်းများနှင့် စက်ရုံအဆောက်အအုံအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြား၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ကျောက်ဆည်ခရိုင်နှင့် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေး၊ အမှာစကားပြောကြား၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၉၃)






# မန္တလေးမြို့၌ ငလျင်ဒဏ်ခံရသူများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံက ကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

မန္တလေး ဧပြီ ၃

မန္တလေးမြို့တွင် မတ် ၂၈ရက်က ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ နံနက်ပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကူညီကယ်ဆယ်ရေးအဖွဲ့နှင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ကျန်းမာရေးတာဝန်ခံ Dr. Belinsky Victor က မန္တလာသီရိအားကစားကွင်းတွင် အခြေပြုပြီး ခွဲစိတ်ဆောင်၊ ဓာတ်မှန်ဆောင်၊ ကလေးကုသဆောင်၊ စောင့်ကြည့်လူနာဆောင်များ ဖွင့်လှစ်ထားကြောင်း၊ လိုအပ်သည့် လူနာအခြေအနေအပေါ်မူတည်၍ ကုသရန်ပြင်ဆင်မှုများ ပြုလုပ်ပေးထားကြောင်း၊ လူနာများကိုလည်း နှစ်ပတ်ကြာ စောင့်ကြည့်ကုသပေးသွားမည်ဖြစ်ပြီး တစ်ရက်လျှင် လာရောက်ကုသသူ ၂၀ မှ ၃၀ ရှိကြောင်း၊ မိမိတို့သည် အဆွေတော်တို့နှင့် အတူတူရှိနေပြီး လိုအပ်သည့် အကူအညီတိုင်းကို ကူညီရန် အသင့်ရှိနေပါကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားမီးသတ်တပ်ဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီး Mr.Dmitry က မြန်မာနိုင်ငံကို လွန်ခဲ့သည့်ရက်အနည်းငယ်က စတင်ရောက်ရှိခဲ့ပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် ဝန်ကြီး အလက်ဇန္ဒရား ကူလွန်ကော့ဘာတို့၏ စေလွှတ်မှုနှင့်အတူ ရုရှားကယ်ဆယ်ရေးအဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိပြီး လတ်တလောတွင် မန္တလေးမြို့၌ နေရာများခွဲ၍ လိုအပ်သည့်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူအင်အား ၂၆၀ ဝန်းကျင်ဖြင့် အရေးကြီးလိုအပ်သည့် နေရာများကို ဦးစားပေး ကူညီဆောင်ရွက်လျက်ရှိပြီး အချို့နေရာများတွင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်နေသည်ဖြစ်သည့်အတွက် ပိုပြီးကောင်းလာရန်သာရှိပါကြောင်း၊ မိတ်ဆွေတို့အနေဖြင့် စိတ်ရှည်ရှည်ထား၊ အားတင်းထား၊ ရုရှားကယ်ဆယ်ရေး အဖွဲ့တွေက မြန်မာပြည်သူ ပြည်သားများ၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ရောက်ရှိနေခြင်းဖြစ်ပါကြောင်း၊ အားလုံးအနာဂတ်တွင် ကောင်းမွန်သွားပါလိမ့်မည် အားတင်းထားပါဟု အားပေးပြောကြားသည်။

ဇာနည်ကိုကို

# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်၊ ပြိုကျပျက်စီးသွားသော အဆောက်အအုံများနှင့် ပြိုကျပျက်စီးနေဆဲ အဆောက်အအုံများကို အမြန်ဆန်ဆုံးစနစ်တကျဖြင့် ဖယ်ရှားရှင်းလင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေ










**မန္တလေး ဧပြီ ၃**

မတ် ၂၈ ရက် မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များလှုပ်ရှားမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်အချို့တို့တွင် ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့ သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှုများဖြစ်ပေါ်ခဲ့ရသဖြင့် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာနယ်မြေအလိုက် ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည့်နေရာများသို့ သွားရောက်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဆေးဝါးကုသပေးနေမှုလုပ်ငန်းများကို နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆေးအကူအညီပေးရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ပြိုကျပျက်စီးအဆောက်အအုံများနှင့် အန္တရာယ်ရှိ အဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်၊ လေဆိပ်အဟောင်းနေရာရှိ အိန္ဒိယနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့မှ ဖွင့်လှစ်ထားသည့် ယာယီဆေးရုံသို့ရောက်ရှိပြီး အိန္ဒိယနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့မှ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးဝါးကုသပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို လိုက်လံကြည့်ရှုပြီး ထိခိုက်ဒဏ်ရာရရှိသောလူနာများကို အားပေးစကားများပြောကြားခဲ့သည်။

ဆက်လက်၍ ချမ်းအေးသာစံမြို့နယ် လမ်း ၃၀၊ ၇၂လမ်းနှင့် ၇၃လမ်းကြား ယာယီဆေးကုသရေးစခန်းနေရာတွင် တရုတ်နိုင်ငံတကာ သဘာဝဘေးအန္တရာယ် ဆေးကုသမှုအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် မန္တလေးမြို့သို့ ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မစ္စတာချိန်ဖိတ် ဦးဆောင်သော ကြယ်ကျောင်းပြည်နယ် ကြက်ခြေနီအဖွဲ့မှ ပျက်စီးဆုံးရှုံးမှုများကြောင့် နေထိုင်ရန် အခက်အခဲရှိသူများအတွက် ကူညီကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မဟာအောင်မြေမြို့နယ်ရှိ မဟာအောင်မြေအားကစားကွင်းနှင့် ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်းများသို့သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဂျပန်နိုင်ငံ JICA Disaster Relief Team မှ ကူညီကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးဝင်းအတွင်း နေရာချထားပေးမှုအခြေအနေများကိုကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ဆေးရုံကြီးရှိ ဆေးကုသဆောင်နှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများ၊ အဆောက်အအုံများ ပြိုကျပျက်စီးမှုများတွင် သေဆုံးသွားခဲ့သူများ၏ ရုပ်အလောင်းများကို ကောင်းမွန်စွာဖြင့် သင်္ဂြိုဟ်ခြင်းများအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ချမ်းအေးသာစံမြို့နယ်ရှိ ibis Style Hotel Mandalay Center ၌ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr.Yohei SASAKAWA အား တွေ့ဆုံပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် လိုအပ်သည့် အကူအညီများပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

၎င်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်နှင့် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ H.E.Mr.Yohei SASAKAWA တို့နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်မီးလောင်ပျက်စီးခဲ့သည့် မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ်ပင်မဆောင် ပြိုကျပျက်စီးနေမှုနှင့် မီးလောင်ပျက်စီးခဲ့မှုများကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိ ပရိယတ္တိသာသနဟိတ အသင်းကြီး တိုးချဲ့ဆောင်သို့ရောက်ရှိပြီး လေးထပ်တိုးချဲ့ဆောင် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့မှုနှင့် ဖယ်ရှားရှင်းလင်းရေးဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်သို့ရောက်ရှိပြီး ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးဆဲအဆောက်အအုံများအား ဘေးပတ်ဝန်းကျင် ဘေးအန္တရာယ်မရှိစေရေး ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ရောက်ရှိပြီး ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံအား ဖယ်ရှားရှင်းလင်းနေမှုများကို လည်းကောင်း၊ မြို့ရိုးနှင့် နန်းမြို့ရိုး တစ်လျှောက် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကိုလည်းကောင်း၊ အမရပူရမြို့နယ် ဘုံးအိုးကျေးရွာရှိ ဟာဂျီဦးလင်း ဇလီနေရာသို့ရောက်ရှိပြီး ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့မှုအခြေအနေနှင့် ဖယ်ရှားရှင်းလင်းရေးဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

သတင်း စာမျက်နှာ ၉


















သတင်း စာမျက်နှာ ၉

















# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းရန်အတွက် အလှူငွေများ လှူဒါန်းလျက်ရှိ

**မန္တလေး ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းရန်အတွက် ဆောင်ရွက်ရန် အလှူငွေများ လှူဒါန်းလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းအဖွဲ့က အလှူငွေကျပ်သိန်း ၂၀၀၀ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့က လက်ခံ၍ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

မတ် ၂၈ ရက် မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မြေငလျင်နှင့် နောက်ဆက်တွဲငလျင်ငယ်များလှုပ်ရှားမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးများနှင့်ပြည်နယ်အချို့တို့တွင် ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူအချို့ သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှုများဖြစ်ပေါ်ခဲ့ရသဖြင့် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာနယ်မြေအလိုက် ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် အစီအမံများချမှတ်၍ ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀

၀-၀-၀-၀-၀



## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနေလွင်ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ငလျင်ကြောင့် ဆက်သွယ်မှုပြတ်တောက်သွားသော မိုဘိုင်းဆက်သွယ်ရေးစခန်းများ အမြန်ဆုံးပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၃

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သောငလျင်ကြောင့်နေပြည်တော်ကောင်စီနယ်မြေ၊မန္တလေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ ခုအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုပေးနေသော မိုဘိုင်းဆက်သွယ်ရေးစခန်း ၂၆၀၀၀ ကျော်အနက် ၆၇၃၀ ကျော်သည် ဆက်သွယ်ရေးပြတ်တောက်မှု ဖြစ်ပေါ်ခဲ့သည်။

အော်ပရေတာများသည် ဆက်သွယ်ရေး ပြန်လည်ကောင်းမွန်စေရန်အတွက် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ခဲ့ရာ ယနေ့အထိ မိုဘိုင်းဆက်သွယ်ရေးစခန်း ၄၅၀၀ ကျော် ပြန်လည်ကောင်းမွန်အောင် ပြင်ဆင်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဆက်သွယ်မှုပြတ်တောက်၍ ကျန်ရှိနေသော မိုဘိုင်းဆက်သွယ်ရေးစခန်း ၂၃၀၀ ကျော်အား အမြန်ဆုံးပြန်လည်ပြင်ဆင်နိုင်ရေးကို အော်ပရေတာအသီးသီးမှ နည်းပညာဆိုင်ရာအရာရှိချုပ် (Chief Technical Officer–CTO) များ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိသည့်အပြင် နေပြည်တော်ကောင်စီနယ်မြေနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ အရေးကြီးသော နေရာများတွင် ဆက်သွယ်မှုများ အမြန်ဆုံးရရှိစေရန် ယာယီရွေ့လျားဆက်သွယ်ရေးတိုင် (Cell on Wheel – COW) များ အသုံးပြု၍ ဆက်သွယ်မှုရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများသည် ဆက်သွယ်ရေးကဏ္ဍ၏ လူမှုအကျိုးပြုလုပ်ငန်း Corporate Social Responsibility (CSR) အဖြစ် ငလျင်ဘေးသင့်ဒေသများရှိ မိုဘိုင်းဖုန်းသုံးစွဲသူပြည်သူများ အဆင်ပြေချောမွေ့စေရန် အော်ပရေတာတူ မိုဘိုင်းဖုန်းအချင်းချင်း အခမဲ့ ဖုန်းပြောဆိုခွင့်နှင့် အခမဲ့စာတိုပေးပို့ခွင့်ကို မတ် ၂၉ ရက်မှ စတင်ကာ ဧပြီ ၁၀ ရက်အထိ အသုံးပြုခွင့် ဆောင်ရွက်ပေးထားကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

သတင်း-စာမျက်နှာ ၉









# ယခုနှစ်သင်္ကြန်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသောသင်္ကြန်အဖြစ် ကျင်းပသွားမည်

**နေပြည်တော် ဧပြီ ၃**

လက်ရှိကြုံတွေ့နေရသော ပြင်းထန်သည့်ငလျင်ဘေးအန္တရာယ်ကြောင့် နေပြည်တော်ကောင်စီ နယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး နှင့် ရှမ်းပြည်နယ်တို့အတွင်း၌ ပြည်သူအချို့ သေဆုံးဒဏ်ရာရ ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေရပါသည်။

ထို့ကြောင့် တစ်နိုင်ငံလုံး ဝမ်းနည်းကြေကွဲနေရသောကာလဖြစ်ပါသဖြင့် ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန် ကို အပျော်အပါးသီဆိုကခုန်မှုများ မပါဝင်ဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသော သင်္ကြန်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၃**

မြန်မာနိုင်ငံတွင် ၂၈-၃-၂၀၂၅ ရက်နေ့က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတွင် ဧပြီ ၃ ရက်အထိ သေဆုံးသူ ၃၁၄၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၅၈၉ ဦးနှင့် ပျောက်ဆုံးသူ ၂၂၁ ဦး ရှိပါသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း/ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့် ဒေသများသို့ အချိန်နှင့် တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၆၂၆ ဦးအား ရှာဖွေပေးနိုင်ခဲ့ပါသည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း/ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ၃-၄-၂၀၂၅ ရက်နေ့တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံပေါင်း နှစ်နိုင်ငံမှ လေယာဉ်စင်းရေသုံးစင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၁၅၄ ဒသမ ၁၇၅ တန် ဆိုက်ရောက်ခဲ့ပါသည်။

ပြည်တွင်း/ပြည်ပ အလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သိရသည်။

သတင်းစဉ်

# သဘာဝဘေးအန္တရာယ်(ငလျင်)ဘေးဒဏ်ခံရသော ပြည်သူများအား ငွေကျပ်သိန်း ၁၀၀ လာရောက်လှူဒါန်း




**မန္တလေး ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်(ငလျင်) ဘေးဒဏ်ခံရသော ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ယနေ့ညနေပိုင်းက အလှူငွေ၊ အထောက်အကူပြုပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအား အလှူရှင် Jiangsu LPT Safety Technology Co,Ltd. မှ ငွေကျပ်သိန်း ၁၀၀ လာရောက်လှူဒါန်းရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)



# ရန်ကုန်မြို့အခြေစိုက် တရုတ်အသင်းအဖွဲ့များက ငလျင်ဘေးသင့်ပြည်သူများအတွက် လာရောက်လှူဒါန်း

**မန္တလေး ဧပြီ ၃**

China-Myanmar Economic Cooperation& Development Promotion Associations နှင့် China Foundation for Peace and Development မှ ငလျင်ဘေးသင့် ပြည်သူများအတွက် ရေသန့် ၁၀၀၀ တွဲ၊ ခေါက်ဆွဲခြောက် ၆၀ ဖာ၊ ဘီစကစ် ၆ ဖာ၊ Mask ၁၀၀ ထုတ်၊ Solar Power Lamp ၃၀ လုံး၊ လက်ဆေးဆပ်ပြာရည် ၅ ဂါလန် ၁၀ ပုံး၊ တစ်ခါသုံး လက်အိတ်၊ Towel ၁ ဖာ၊ Dead Boty Bags ၁၀၀ အိတ်၊ စုစုပေါင်း ၉ မျိုးကို လာရောက်လှူဒါန်းရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကယ်ဆယ်ရေးစခန်းများသို့ ချက်ချင်းဖြန့်ခွဲပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

# ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးရှစ်မျိုးနှင့် အာဟာရမုန့်မျိုးစုံ လှူဒါန်း

**ကျောက်ဆည် ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ယနေ့ ၉ နာရီခွဲက ဆေးဝါးကုသလျက်ရှိသော လူနာများနှင့် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော လူနာများအတွက် COIPATTHANA POUCCTTIC-HAK ဦးစီးသော လာအိုနိုင်ငံမှ ကယ်ဆယ်ရေးနှင့် ဆေးကုသရေးအဖွဲ့မှ ဆေးဝါးရှစ်မျိုးနှင့် စေတနာရှင်၊ အလှူရှင်များက အာဟာရဖြစ် မုန့်မျိုးစုံ လှူဒါန်းခဲ့သည်။

ရှေးဦးစွာ လာအိုနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် (COI-PATTHANA POUCCTTICHAK)က ဆေးရှစ်မျိုးလှူဒါန်းရာ ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စေတနာရှင်၊ အလှူရှင်များလှူဒါန်းသော အာဟာရ မုန့်မျိုးစုံအား ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတင်လှထံသို့ လှူဒါန်းခဲ့ကြောင်း တာဝန်ရှိသူများက လူနာများလက်ဝယ်အရောက် အာဟာရမုန့်များ ပေးဝေခဲ့သည်။

ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ မတ် ၃၁ ရက် ညနေ ၄ နာရီက လှုပ်ခတ်ခဲ့သောငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများအား အမြန်ဆုံး သက်သာပျောက်ကင်းရေး ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လာအိုနိုင်ငံမှ ဆေးဝါးကုသရေးအဖွဲ့များ ပူးပေါင်း၍ ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၈၅)

# မုံရွာမြို့နယ်တွင် ဆောင်းနေကြာများ ရိတ်သိမ်း

**မုံရွာ ဧပြီ ၃**

မုံရွာမြို့နယ်တွင် လျာထားချက်ထက် ဧက ၁၀၃၃ ဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သော ဆောင်းနေကြာများ ရိတ်သိမ်းနေပြီဖြစ်သည်။

မုံရွာမြို့နယ်အတွင်း ဆောင်းနေကြာများကို ဖေဖော်ဝါရီလလယ်မှ ယနေ့အချိန်အထိ ရိတ်သိမ်းခဲ့ရာ စိုက်ဧက၏ ၂၆ ရာခိုင်နှုန်းသည် ပန်းတိုင်အထွက်နှုန်း ၅၀ ဒသမ ၄၈ တင်းထွက်ရှိကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ အောက်တိုဘာလလယ်မှစတင်၍ ဆောင်းနေကြာ ၇၇၅၅ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ၈၇၈၈ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

မုံရွာမြို့နယ်တွင် နေကြာစပ်မျိုး-၁၊ ဆင်းရွှေကြာ-၂၊ ဆင်းရွှေကြာ-၃၊ ဆန်ဖိုလာနေကြာမျိုးများကို အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့် ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များ စိုက်ပျိုးထားရှိပြီး တောင်သူလယ်သမားများ ဆောင်းနေကြာစိုက်ပျိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(၃၉၄)

၀-၀-၀-၀-၀

**ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။**

## အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ခတ်သွားမှုနှင့်စပ်လျဉ်း၍ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း သေဆုံး/ဒဏ်ရာရ/ပျောက်ဆုံး စာရင်း

၃-၄-၂၀၂၅ ရက်နေ့၊ ၁၈:၀၀ အချိန်ထိ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | သေဆုံး | ဒဏ်ရာရ | ပျောက်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | ပျဉ်းမနား | ၁၄၉ | ၃၅၄ | | |
| | | ဇမ္ဗူသီရိ | ၁၇၉ | ၁၃၀ | ၁ | |
| | | လယ်ဝေး | ၄၉ | ၁၁၂ | ၁ | |
| | | ဒက္ခိဏသီရိ | ၆ | ၈ | | |
| | | ဇေယျာသီရိ | ၁၉ | ၃၇ | | |
| | | ပုဗ္ဗသီရိ | ၄၂ | ၇၅ | ၃ | |
| | | တပ်ကုန်း | ၂၈ | ၇၀ | | |
| | | ဥတ္တရသီရိ | ၃၉ | ၅၆ | ၄ | |
| | ပေါင်း | | ၅၁၁ | ၈၄၂ | ၉ | |
| ၂ | စစ်ကိုင်း | စစ်ကိုင်း | ၄၆၇ | ၆၆၉ | ၂ | |
| | | မုံရွာ | ၁ | | | |
| | | ရွှေဘို | ၃ | ၁၉ | | |
| | ပေါင်း | | ၄၇၁ | ၆၈၈ | ၂ | |
| ၃ | ပဲခူး | ဖြူး | ၁၂ | ၄၅ | | |
| | | တောင်ငူ | ၁၄ | ၄၄ | | |
| | | ရေတာရှည် | ၁၀ | ၈၀ | | |
| | | အုတ်တွင်း | ၃ | ၂၈ | | |
| | | ကျောက်တံခါး | ၄ | ၃၇ | | |
| | | ထန်းတပင် | ၁ | | | |
| | ပေါင်း | | ၄၄ | ၂၃၄ | | |
| ၄ | မကွေး | ပခုက္ကူ | | ၁ | | |
| | ပေါင်း | | | ၁ | | |
| ၅ | မန္တလေး | မဟာအောင်မြေ | ၁၉၂ | ၄၀ | | |
| | | ချမ်းအေးသာစံ | ၂၀၅ | ၁၁၅ | | |
| | | ချမ်းမြသာစည် | ၁၁၆ | ၆၅၃ | | |
| | | ပြည်ကြီးတံခွန် | ၆၈ | ၄၄ | ၄ | |
| | | အောင်မြေသာစံ | ၁၆၃ | ၂၀၆ | ၂၀၁ | |
| | | ပုသိမ်ကြီး | ၃၅ | ၆၉ | | |
| | | မတ္တရာ | ၂၅ | ၅၅ | | |
| | | အမရပူရ | ၃၁၁ | ၈၆ | | |
| | | ကျောက်ဆည် | ၁၇၄ | ၄၅၀ | | |
| | | မြစ်သား | ၄၁ | ၂၂၇ | | |
| | | စဉ့်ကိုင် | ၁၃၄ | ၂၀၁ | | |
| | | တံတားဦး | ၁၄၇ | ၉၆ | | |
| | | ငါန်းဇွန် | | | | |
| | | မိတ္ထီလာ | ၁၄ | ၃၃ | | |
| | | သာစည် | ၄၇ | ၆၄ | | |
| | | ဝမ်းတွင်း | ၅၂ | ၅၁ | | |
| | | ရမည်းသင်း | ၉၆ | ၁၃၄ | | |
| | | ပျော်ဘွယ် | ၂၃၃ | ၁၆၇ | ၅ | |
| | ပေါင်း | | ၂၀၅၃ | ၂၆၉၁ | ၂၁၀ | |
| ၆ | ရှမ်း | ပင်လောင်း | ၃ | ၁၉ | | |
| | | ညောင်ရွှေ | ၅၀ | ၅၀ | | |
| | | တောင်ကြီး | ၃ | ၄ | | |
| | | ကလော | ၁၀ | ၄၂ | | |
| | | မိုးနဲ | | ၇ | | |
| | | ရွာငံ | | ၁ | | |
| | | လဲချား | | ၁ | | |
| | | ရပ်စောက် | | ၁ | | |
| | | ပင်းတယ | | ၈ | | |
| | ပေါင်း | | ၆၆ | ၁၃၃ | | |
| | စုစုပေါင်း | | ၃၁၄၅ | ၄၅၈၉ | ၂၂၁ | |

## ပါကစ္စတန်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများရောက်ရှိ




နေပြည်တော် ဧပြီ ၃

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ပါကစ္စတန်နိုင်ငံမှ My freighter LLC လေကြောင်းလိုင်းမှ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများ တင်ဆောင်လာသော လေယာဉ်သည် ဧပြီ ၂ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးပစ္စည်းများတွင် မိုးကာတဲ၊ စောင်၊ တာပေါ်လင်၊ water tank၊ ဆေးဝါးများ၊ (MRE)အသင့်စားအစားအစာများပါဝင်ကာ စုစုပေါင်း ၃၅၄၉၇ kg ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဗိုလ်မှူးချုပ် စောဆန်နီနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Imran Haiderနှင့် သံရုံးတာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချ လုပ်သားများက သက်ဆိုင်ရာယာဉ်များပေါ်သို့ တင်ဆောင်ပေးပြီး ငလျင်ဒဏ်သင့်ဒေသများသို့ ဖြန့်ဝေရန် နေပြည်တော်သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေး မစိုးရိမ်တိုက်ဟောင်း ဦးလှသိန်းဇိမာန်ရှိ ကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ ဆေးကုသမှုခံယူနေသည့် သံဃာတော်များကို ရောဝတီဖောင်ဒေးရှင်းက ထောက်ပံ့လှူဒါန်း

မန္တလေး ဧပြီ ၃

ငလျင်ဘေးဒဏ်သင့် ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ရောဝတီဖောင်ဒေးရှင်းသည် ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့ မစိုးရိမ်တိုက်ဟောင်း ဦးလှသိန်းဇိမာန် စာဖြေဆောင်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများကို ဧပြီ ၃ ရက်က ထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့သည်။

ရောဝတီဖောင်ဒေးရှင်းမှ ဦးဇော်ဇော်နှင့် အဖွဲ့သည် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့၊ မနီဇလ လူမှုကယ်ဆယ်ရေး၊ ဖေးကူလက်အသင်း၊ ကချင်ပြည်နယ် သခါလူမှုရေးအသင်း၊ သုခကာရီလူမှုကယ်ဆယ်ရေးအသင်းနှင့် စေတနာ့ဝန်ထမ်းများကို တွေ့ဆုံ ကျေးဇူးတင် အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခြင်းနှင့် နိုင်ငံတကာ ကယ်ဆယ်ရေးအဖွဲ့များအတွက် အစားအသောက်နှင့် စက်သုံးဆီ စီမံဆောင်ရွက်ပေးသည်။ ထို့ပြင် ငလျင်ဒဏ်ကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ရသည့် သံဃာတော်များ အပါအဝင် ဆေးကုသမှုခံယူလျက်ရှိသည့်သံဃာတော်များအတွက် လှူဒါန်းခြင်းတို့ အပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၁၀၀၀ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်း - ရှိုင်းထက်ဇော်
ဓာတ်ပုံ - ကိုမိုး



## ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်း ဆောင်ရွက်

**ပွင့်ဖြူ ဧပြီ ၃**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ပလတ်စတစ်ပစ္စည်းများ အလွန်အကျွံ သုံးစွဲခြင်းကြောင့် ကြုံတွေ့ရမည့် သဘာဝပတ်ဝန်း ကျင် ထိခိုက်မှုအန္တရာယ် လျှော့နည်းစေရေးအတွက် ဈေးရောင်း၊ ဈေးဝယ် ပြည်သူများ သိရှိစေရန် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို ယမန်နေ့က ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်စည်ပင် သာယာရေးကော်မတီအဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် ပူးပေါင်း၍ ပွင့်ဖြူမြို့မ စည်ပင်သာယာ ဈေးအတွင်း၊အပြင်ရှိ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား တွေ့ဆုံကာ ဈေးရောင်းချရာတွင် သဘာဝ ပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသည့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုရန်နှင့် ပလတ်စတစ် အစားထိုးပစ္စည်းများဖြစ်သည့် ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူတို့ဖြင့်သာ ထုပ်ပိုးရောင်းချသွားကြရန်၊ ဈေးရောင်း၊ဈေးဝယ်ရာတွင် လက်ဆွဲခြင်းများ တစ်ပါတည်း ယူဆောင်လာကြရန် အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့မဈေးရှိ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား သဘာဝ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကာ ပလတ်စတစ်ပစ္စည်း သုံးစွဲမှုလျှော့ချနိုင်ရေးအတွက် ပလတ်စတစ်ပစ္စည်းအစားထိုး အသုံးပြုနိုင်ရန် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူတို့ကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၄၅)

## လူထုအခြေပြု ဗဟိုဌာနခန်းမတွင် Essay & Letter ရေးနည်းသင်တန်းဖွင့်လှစ်

**ပြင်ဦးလွင် ဧပြီ ၃**

နွေရာသီကျောင်းပိတ်ရက်များအတွင်း ကျောင်းသား၊ကျောင်းသူများ အင်္ဂလိပ်စာတိုးတက်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် Essay & Letter ရေးနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ရေးဦးစွာ စာရေးဆရာ ကိုရွှေအောင်သင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြအဖြစ် ဆရာမ ဒေါ်မို့မို့က Essay & Letter ရေးနည်းများနှင့် Grammar တည်ဆောက်ပုံများ အစရှိသည်တို့ကို သင်ကြားပို့ချသွားမည် ဖြစ်သည်။

အဆိုပါ Essay & Letter ရေးနည်းသင်တန်းကို ပြင်ဦးလွင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ ၁၀ ရက်ကြာ လေ့ကျင့်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**သွေးသွေး(ခရိုင်-ပြန်/ဆက်)**



## ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး ဧပြီ ၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊မင်းဘူးမြို့၌ ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက မင်းဘူးမြို့မဈေးနှင့် လူစည်ကားရာနေရာများတွင် ဆောင်ရွက်ခဲ့သည်။

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော ငလျင်လှုပ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီးနောက် နောက်ဆက်တွဲ မြေငလျင်လှုပ်ခတ်မှုများ ဖြစ်ပွားလာနိုင်သည့်အတွက် ဒေသခံပြည်သူများ ဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် အသိ၊ သတိဖြင့် သွားလာနေထိုင်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ယခုလို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရခြင်းဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ တာဝန်ရှိသူများသည် ဒေသခံများ၊ ဈေးရောင်း၊ ဈေးဝယ်များနှင့် လမ်းသွား၊ လမ်းလာ ပြည်သူများအား ငလျင်ဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ငလျင်ဘေး မဖြစ်ပွားမီနှင့် ဘေးဖြစ်ပွားချိန်၌ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များကို Hand Speaker ဖြင့် လိုက်လံနှိုးဆော်ခြင်းများ ဆောင်ရွက်ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ သိရသည်။

(၅၀၀)

*-*-*-*-*-*-*

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့။



ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့ပြည်သူ

## လူ့အသက်ကယ်တင်နိုင်သော သွေးတစ်စက်

* အလွန်ပြင်းထန်
ငလျင်ဒဏ်၏
ဘေးရန်ကြီးမား
ဒုက္ခများကို
ခံစားရသည်
တိုင်းဌာနီ...။

* စေတီဘုရား
တိုက်တာများနှင့်
လူများသေကြေ
ဘေးရန်မွှေသည်
တို့တွေကြုံရ
များဒုက္ခ...။

* အသက်မသေ
ဒဏ်ရာတွေနှင့်
တို့ဆွေလူများ
ကြုံတွေ့ခြားသည်
များပြားလှသည့်
ဆေးရုံဆီ...။

* ထိုလူသားတွေ
မသေစေဖို့
အမှန်လိုအပ်
တို့ပေးဆပ်ရန်
တို့ခန္ဓာမှ...သန့်စင်သွေး...။

* တို့သွေးတစ်စက်
လူ့အသက်ကို
ဆက်ဆက်ကယ်တင်နိုင်ပါသည်...။

* သွေးလှူရှင်များ
အမြန်သွားရောက်
သွေးကိုဖောက်၍
ဝမ်းမြောက်ဖွယ်ရာ
သွေးလှူပါက
"ဒါနဥပပါရမီ" ဖြစ်တော့သည်...။ ။

(ငလျင်ဒဏ်ခံစားခဲ့ရသည့်
လူနာများအတွက် သန့်စင်သွေးများ
လှူဒါန်းပေးကြပါ။)

**မောင်မြဝေ(ယောမင်းကြီး)**

# သတင်းပဒေသာ

## အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် ဖြေဆို

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲများကို စကားလှဘုန်းတော်ကြီးကျောင်း မြို့မဓမ္မာရုံတွင် ယမန်နေ့ မွန်းလွဲပိုင်းက ဘာသာရပ်အလိုက် အုပ်စုများခွဲ၍ ဖြေဆိုလျက်ရှိသည်။ အစိုးရဓမ္မာစရိယ စာမေးပွဲဖြေဆိုရန် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၉၅ ပါး စာရင်းပေးသွင်းထားရာ ၈၅ ပါး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၁၀ ပါး ပျက်ကွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ ပုံပါကျင်မြို့၌ ၂၀၂၅ ခုနှစ်၊ မတ် ၂၇ရက်တွင် ကျရောက်ခဲ့သည့် နှစ်(၈၀)မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ယမန်နေ့ မွန်းလွဲ ၁နာရီက ပုံပါကျင်မြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ၊ တပ်ရင်း၊ တပ်ဖွဲ့များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောင်းဆင်းပွဲနှင့် ပဒေသာကပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန လွိုင်လင်မူလတန်းကြိုကျောင်းခန်းမတွင် ယမန်နေ့ နံနက်ပိုင်းက ကျောင်းဆင်းပွဲနှင့် ပဒေသာကပွဲ ကျင်းပရာ ခရိုင်လူမှုဝန်ထမ်းရုံးမှ ဦးစီးအရာရှိ ဒေါ်သက်သက်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက မူကြိုကလေးငယ်များအား ကျောင်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ခဲ့ကြကာ ကလေးငယ်များက အကပဒေသာများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့၌ မတ် ၂၇ရက်တွင် ကျရောက်ခဲ့သည့် နှစ်(၈၀)မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ယမန်နေ့ နံနက် ၉ နာရီက တာလေမြို့ဈေး၌ ဒေသခံပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် အားကစားရုံတွင် ယမန်နေ့ မွန်းလွဲပိုင်းက အသက် ၁၇နှစ်အောက် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပရာ N2(A) အသင်းနှင့် N2(B)တို့ ယှဉ်ပြိုင်ကစားကြရာ N2(A)အသင်းက အနိုင်ရရှိခဲ့သည်။ ယင်းနောက် ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုရရှိသူများနှင့် ဒုတိယဆုရရှိသော အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုအား မြို့နယ်ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချိုက ပထမဆုရရှိသော အသင်းသားများအား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များကို ချီးမြှင့်ခဲ့ကာ မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက တံခွန်စိုက်ဆုဖလားအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မီးခိုးမြူငွေ့အန္တရာယ် အသိပညာပေးဟောပြော

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ မီးခိုးမြူငွေ့အန္တရာယ်နှင့်ပတ်သက်၍ ယမန်နေ့ နံနက်ပိုင်းက ရပ်စောက်မြို့နယ်၊ ကောင်းဘို့ကျေးရွာအုပ်စု၊ စမ်းရေဦးကျေးရွာနှင့် မကျီးကုန်းကျေးရွာအုပ်စု၊ နောင်တခေါကျေးရွာတို့တွင် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**

# မနုဟာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် မနုဟာဘုရားကြီး ရွှေသင်္ကန်းကပ်လှူပူဇော်မည်



**ညောင်ဦး ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မြင်းကပါကျေးရွာရှိ မနုဟာဘုရားကြီး ထီးတော်နှင့်အရံစေတီများကို ရွှေသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်ကြောင်း မနုဟာဘုရားကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံမှ သိရသည်။ **(ယာပုံ)**

မနုဟာဘုရားကြီး ထီးတော်နှင့်အရံစေတီ ၂၇ ဆူ ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက မနုဟာဘုရားကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံးခန်း၌ ကျင်းပရာ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မင်းညိုက မနုဟာဘုရားကြီး ရွှေသင်္ကန်းမကပ်လှူမီ ရွှေမိုက်ထုတ်တင်ဒါ ခေါ်ယူနိုင်ရေး နိုင်ငံပိုင်သတင်းစာများတွင် လေလံစည်းကမ်းချက်များနှင့်အညီ ခေါ်ယူနိုင်ရေးနှင့် သတ်မှတ်ရက်အတွင်း ပြီးစီးနိုင်ရေးတို့အတွက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ညောင်ဦးခရိုင် သာသနာရေးဦးစီးမှူး ဦးနေလင်းသိန်းက ငြမ်းစင်ဆင်ခြင်းလုပ်ငန်း သတ်မှတ်ရက်ပြီးစီးနိုင်ရေး ကြိုတင်ဆောင်ရွက်ထားရှိမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးတင်ပြသည်။ ထို့နောက် တက်ရောက်လာသည့် ရွှေသင်္ကန်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ရွှေပညာရှင်များက ကဏ္ဍအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးတင်ပြကြရာ ရွှေမိုက်ထုတ်ချိန်၊ ရွှေဆိုင်းလေလံခေါ်ယူချိန် သတ်မှတ်စည်းကမ်းချက်များဖြင့် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။ **(၄၈၁)**

# တမုတ်ရွှေဂူကြီး စေတီတော်ကြီးသို့ ဘုရားဖူးပြည်သူများ လေ့လာနိုင်



**ကျောက်ဆည် ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ အနော်ရထာမင်းကြီးလက်ထက်က ဆည်၊ မြောင်း၊ ချောင်း၊ ကန်၊ ဘုရား၊ ပုထိုးစေတီများကို နေရာအနှံ့အပြားတွင် တည်ဆောက်ခဲ့ပြီး ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများအနေဖြင့် ပုဂံခေတ် အေဒီ ၁၁ ရာစုမှ ပင်းယခေတ် အေဒီ ၁၄ ရာစုအတွင်း အနုပညာလက်ရာများ တစုတဝေးတည်းရှိသည့် တမုတ်ရွှေဂူကြီးစေတီတော်ကြီးသို့ ခရီးသွား ဘုရားဖူးပြည်သူများ လာရောက်လေ့လာနိုင်သည်။

တမုတ်ရွှေဂူကြီးစေတီတော်ကြီးသည် ပထမမြန်မာနိုင်ငံတော်ကြီး စတင်တည်ထောင်ခဲ့သော ထေရဝါဒ ဗုဒ္ဓဘာသာသာသနာပြုမင်းကြီး မင်းမြတ်အနော်ရထာ ဆောက်လုပ်လှူဒါန်းကိုးကွယ်ခဲ့သည့် ရှေးဟောင်းစေတီကြီးတစ်ဆူဖြစ်ပြီး ကျောက်ဆည်မြို့၏ အနောက်ဘက် ခြောက်မိုင်အကွာ ကျောက်ဆည်-တံတားဦး မြို့ချင်းဆက် ကတ္တရာလမ်းဘေး ကြောင်ပန်းကုန်းကျေးရွာအုပ်စု၊ ညောင်ပင်ဇောက်ကျေးရွာအနီးတွင် တည်ရှိကြောင်း သိရပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှလည်း လာရောက် ဖူးမြော်နိုင်သည်။

ဘုရားဖူးပြည်သူများ အနေဖြင့် တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားကြီးရှိ ပုဂံခေတ် အေဒီ ၁၁ရာစုမှ ပင်းယခေတ် အေဒီ ၁၄ရာစုအတွင်း အနုပညာလက်ရာများ၊ ဒုတိယလိုဏ်ဂူ ဂန္ဓကုဋိတိုက်အတွင်းရှိ နံရံဆေးရေးပန်းချီများနှင့် ဦးခေါင်းတော် နှစ်ပေ ခြောက်လက်မ၊ ဉာဏ်တော် ၁၀ပေခန့်ရှိ အလွန်သပ္ပာယ်ကြည်ညိုဖွယ်ကောင်းသော ကိုယ်တစ်ပိုင်း အင်္ဂတေရုပ်ပွားတော်ကြီးနှင့် အနော်ရထာမင်းကြီး တည်ထားပူဇော်ခဲ့သော ရှေးဟောင်းအနုပညာလက်ရာများ ဖြစ်သည့် ပန်းဆွဲဘီလူးများ၊ နံရံအင်္ဂတေပန်းတော့ ရုပ်ကြွများ၊ မုခ်ဦးတံကဲကနုတ် ပန်းဒီဇိုင်းများ၊ ခြသေ့ံကိုယ်နှစ်ခု မြင်းခေါင်းပုံနှင့် လူခန္ဓာ(အဿမုခီ)ပုံ၊ ဆင်ဦးခေါင်းနှင့် ငှက်ကိုယ်(ဆင်ငှက်)၊ ဖိုင်းနှစ်ကောင်လည်လိမ်၊ ကြက်ဖ၊ ဆင်၊ သမင်၊ မျောက်၊ မိကျောင်း၊ ငါး စသည့် ပုံများနှင့် အထက်ပစ္စယံ အဆင့်ဆင့်၏ မှန်ကွက်များတွင် အင်္ဂတေများဖြင့် ဇာတ်တော်နိပါတ်စဉ်များနှင့် ဇာတ်တော်အမည်ရေး ထိုးထားသော ငါးရာ့ငါးဆယ် သရုပ်ဖော် ဖောင်းကြွရုပ်ပုံများ စသည့် ဆန်းကြယ်သည့် ၁၂ရာစုခေတ် ပန်းတော့လက်ရာ အနုစိတ်အင်္ဂတေဒီဇိုင်းများနှင့် တမုတ်ရှင်ပင်ရွှေဂူကြီးစေတီတော်မြတ်ကြီးအား ဖူးတွေ့ရမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၅)**

# ဖြူဟွမ်စိုက်ရိုလူမှုကူညီရေးအသင်းသို့ ကျောက်ကပ်ဆေးစက်လှူဒါန်း၊ ကျန်းမာရေးငွေပဒေသာပင်စိုက်ထူ

**မန္တလေး ဧပြီ ၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်း၊ ၃၂လမ်းနှင့်၃၃ လမ်းကြားရှိ ဖြူဟွမ်စိုက်ရိုလူမှုကူညီရေးအသင်းသို့ ကျန်းမာရေး၊ သဘာဝဘေး၊ လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စေတနာရှင်များက ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိရာ မတ် ၂၅ ရက်က မန္တလေးမြို့နေ ဒေါ်ဆွေဆွေဝင်း၊ ဒေါ်မာမာအေး၊ မိုးစက်ကိုနှင့် သူငယ်ချင်းများက အမေရိကန်ဒေါ်လာ ၁၃၂၀၀ တန်ဖိုးရှိ Fre senius ကျောက်ကပ်သွေးသန့်စင်စက်တစ်လုံးကိုလည်းကောင်း၊ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၈၆လမ်း၊ ၁၂လမ်းနှင့် ၁၄လမ်းကြားနေ ကိုကျော်မင်းဆန်း+မနန်းခင်မျိုးထွန်း မိသားစုက ကျောက်ကပ်ဖောင်ဒေးရှင်းအတွက် ငွေကျပ်သိန်း ၅၀တို့ကိုလည်းကောင်း၊ အမေရိကန်နိုင်ငံနေ ဒေါက်တာအေးမောင်အားရည်စူး၍ ဒေါ်ခင်ညွှန့် မိသားစုက ကျောက်ကပ်လူနာ ၁၀ ဦးအတွက် ငွေကျပ်သိန်း ၂၀ ကို လာရောက်လှူဒါန်းရာ ဖြူဟွမ်စိုက်ရိုလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာငြိမ်းငြိမ်း၊ အတွင်းရေးမှူးဦးမောင်မောင်တာနှင့် အမှုဆောင်များက လက်ခံရယူကြပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ခဲ့သည်။

ဖြူဟွမ်စိုက်ရိုလူမှုကူညီရေးအသင်းသို့ မိမိကိုယ်တိုင်(သို့မဟုတ်) ကိုယ်စားလှူဒါန်းလိုပါက မြန်မာ့စီးပွားရေးဘဏ်ငွေစာရင်းအမှတ် SF-001683၊ KBZ ဘဏ် 0413 0404101481201 သို့လည်းကောင်း၊ ဖုန်း ၀၂-၂၈၄ ၄၃၅၀၊ ၀၉-၂၅၉၃၆၀၀၁၁၊ ၀၉-၂၅၉ ၃၆၀၀၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)(၀၄၅)**



# သီလနှင့် ဥပုသ်

**မြတ်ဗုဒ္ဓ၏ ဓမ္မ**

ဘုရားအလောင်းတော်သည် သုမေဓာရှင်ရသေ့ဘဝတွင် သူတစ်ဦးတည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ အာရုံပြုနိုင်သည့် ဉာဏ်မျိုးရှိသည်။

သို့သော် သံသရာ ဝဲဩဃ၌ ကျင်လည်လျက်ရှိကုန်သော (၃၁)ဘုံသား သတ္တဝါများကို မဟာကရုဏာတော်ဖြင့် သနားတော်မူကာ ၄င်းတို့ကို ကယ်ချွတ်နိုင်စွမ်းရှိသည့် ဘုရားဆုကို ပန်ခဲ့သည်။

ဘုရားဖြစ်မည်ဟု ဗျာဒိတ်ရပြီးနောက် ပါရမီတော်တို့ကို ဖြည့်ကျင့်ပြီး သိဒ္ဓတ္ထမင်းသားဘဝတွင် ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

ဘုရားအဖြစ်သို့ ရောက်ပြီးသည်မှစ၍ (၄၅)ဝါပတ်လုံး လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ကို ကယ်ချွတ်တော်မူပြီး လောကီ၊ လောကုတ္တရာ အကျိုးငှာ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ဟောကြားခဲ့ပါသည်။ (ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးဖြာ ဟူ၍ ခွဲခြားနိုင်ပါသည်။)

၄င်းဓမ္မက္ခန္ဓာများ၏ အနှစ်ချုပ်မှာ သီလ၊ သမာဓိ၊ ပညာ ဟူသော သိက္ခာ (၃)ပါးပင် ဖြစ်သည်။

**သီလ**

'သီလ'ဟူသည့် ပါဠိဝေါဟာရသည် မြန်မာဝေါဟာရ 'ကိုယ်ကျင့်တရား'ဟု အဓိပ္ပာယ်ရပါသည်။

သီလတွင် 'ဝါရိတ္တ'သီလနှင့် 'စာရိတ္တ'သီလ ဟူ၍ နှစ်မျိုးရှိပါသည်။ မြတ်စွာဘုရားရှင်က မလုပ်ရန် တားမြစ်ဟောကြားချက်များသည် 'ဝါရိတ္တ'သီလဖြစ်ပါသည်။ မြတ်စွာဘုရားရှင်က ပြုလုပ်ရန် တိုက်တွန်းဟောကြားချက်များသည် 'စာရိတ္တ'သီလ ဖြစ်ပါသည်။

ပုညကြိယာ ၁၀ ပါး၊ သုစရိုက်တရား ၁၀ ပါး၊ မေတ္တသုတ်လာ တရားများ၊ ၃၈ ဖြာ မင်္ဂလာတရားတော်များ၊ မိဘဝတ်၊ ဆရာဝတ်၊ သားသမီးဝတ်၊ တပည့်ဝတ် စသည်တို့ပါရှိသော သိင်္ဂါလောဝါဒသုတ်လာ တရားတော်များ၊ ကြီးပွားချမ်းသာကြောင်း သမ္ပဒါတရား လေးပါးတို့သည် လိုက်နာကျင့်သုံးရမည့် 'စာရိတ္တ' သီလများဖြစ်သည်။

ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဒုစရိုက်တရား ၁၀ ပါး စသည်တို့သည် ရှောင်ကြဉ်စောင့်ထိန်းရမည့် 'ဝါရိတ္တ'သီလများ ဖြစ်ပါသည်။

**ငါးပါးသီလ**

'အူမတောင့်မှ သီလစောင့်နိုင်သည်'ဟု အချို့သူများက ပြောကြ၏။ ထိုစကားသည် အကျင့်သီလကို မစောင့်ထိန်းချင်သူတို့၏ ဆင်ခြေပေးသောစကားပင် ဖြစ်ပေသည်။ 'ဓမ္မောဟဝေ ရက္ခတိတိ ဓမ္မစာရီ' သီလတရားစောင့်သူကို တရားက ပြန်လည်စောင့်ရှောက်၏။ သီလတရားကို စောင့်ထိန်းလျှင် တစ်သက်လုံး မင်းပြစ်၊ မင်းဒဏ်က လွတ်ကင်းမည် ဖြစ်သည်။

ငါးပါးသီလအား တစ်ကိုယ်တည်း စောင့်ထိန်းလျှင် တစ်ကိုယ်တည်း ကျန်းမာချမ်းသာမည်။ တစ်ဆွေလုံး၊ တစ်မျိုးလုံး စောင့်ထိန်းလျှင် တစ်ဆွေလုံး၊ တစ်မျိုးလုံး ကျန်းမာချမ်းသာမည်။ တစ်မြို့လုံး၊ တစ်နိုင်ငံလုံး စောင့်ထိန်းလျှင် တစ်မြို့လုံး တစ်နိုင်ငံလုံး ကျန်းမာချမ်းသာမည်။ ယခုဘဝတွင်သာ ကျန်းမာချမ်းသာရုံသာမကဘဲ နောင်ဘဝသံသရာ အဆက်ဆက်မှာလည်း ကျန်းမာချမ်းသာမည် ဖြစ်သည်။

'ပါဏာတိပါတ၊ သူ့သက်သတ်က၊ ချို့တဲ့အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ချွတ်ယွင်း၊ လျင်ခြင်းလည်းဝေး။ ဘေးကိုကြောက်တတ်၊ အသတ်ခံရာ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုလျ၊ ပြစ်များလှ၏'။

သူတစ်ပါး အသက်သတ်ခဲ့သူများသည် ကိုယ်လက်အင်္ဂါ ချို့တဲ့ပြီး မွေးလာတတ်ကြ၏။ အင်္ဂါခြေ၊ လက်ပြည့်စုံပြီး နေပြန်လျှင်လည်း ရုပ်ဆင်းသဏ္ဌာန် အကျည်းတန်ရုပ်ဆိုးဖြစ်နေတတ်၏။ အင်အားဗလ မရှိဘဲ ချိနဲ့ကြုံလှီနေတတ်၏။ သွားလာလုပ်ကိုင်သည့် နေရာတွင်လည်း လျင်လျင်မြန်မြန်မရှိဘဲ ထုံထိုင်းနှေးကွေးနေတတ်၏။ ဘေးအန္တရာယ်နဲ့တွေ့တိုင်း တွန်းလှန်နိုင်ဖို့ သတ္တိမရှိဘဲ အမြဲတမ်း ခေါင်းငုံ့ခံ၍ နေတတ်ကြ၏။ ဖြစ်လေရာဘဝများတွင်လည်း သွေးရိုးသားရိုးနှင့် မသေရဘဲ သူတစ်ပါးသတ်၍သာ သေတတ်ကြရ၏။ မသေခင် ဘဝတစ်လျှောက်လုံးတွင်လည်း အနာမျိုး ၉၆ ပါး ရောဂါသည်ကြီး ဖြစ်နေတတ်၏။ အခြွေအရံဆိုလို့ ကူညီမည့်သူ မရှိ၊ မ,စမည့်သူ မရှိဘဲဖြစ်နေတတ်ကြ၏။ ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်း သက်တမ်းစေ့ မနေရဘဲ သေကြရ၏။

'သူများပစ္စည်း ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲငတ်ဘိ၊ လိုရှိမရ၊ ဘောဂပျက်စီး၊ ရေ၊ မီး၊ သူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာတည်း'။

သူတစ်ပါးပစ္စည်း ခိုးယူခဲ့သူများသည် ဆင်းရဲမွဲတေနေသော မိဘနှစ်ပါး၏ ဝမ်းထဲမှာ ပဋိသန္ဓေ နေရတတ်၏။ ချမ်းသာသည့် မိဘဖြစ်စေဦးတော့ ကိုယ့်ကိုမွေးလိုက်တာနဲ့ သူတို့ ဆင်းရဲသွားတတ်ကြ၏။ အစာရေစာမှအစ ဝဝလင်လင် မစားရဘဲ အမြဲဆင်းရဲငတ်ပြတ်နေတတ်၏။ ကိုယ်အလိုရှိတဲ့ပစ္စည်းကို ဘယ်လောက်ပဲ ကြိုးစား၊ ကြိုးစား မရတတ်ပါ။ ကုသိုလ်ကံက နည်းနည်းထောက်မလို့ စည်းစိမ်ချမ်းသာတွေ ရစေဦးတော့ သုံးဆောင်ရကောင်းမှန်း မသိဘဲ ဖြစ်နေတတ်၏။ ဒီလိုနဲ့ပဲ မီးဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ရေဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ မတရားသောမင်းတို့က အတင်းသိမ်းပိုက်ခံရ၍သော်လည်းကောင်း၊ သူခိုး ခိုးခံရ၍သော်လည်းကောင်း၊ ဓားပြအတိုက်ခံရ၍သော်လည်းကောင်း၊ အလွန်မိုက်မဲသော သားဆိုး၊ သမီးဆိုးများက ရမ်းရမ်းကားကား သုံးစွဲပစ်၍သော်လည်းကောင်း စီးပွားဥစ္စာများ ပျက်စီးပြီး မသေမချင်း ဆင်းရဲနေတတ်၏။

'မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြသူများ၊ ရန်သူပွား၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏။ ဣတ္ထိပဏ္ဍုက်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာက္ကန္ဒေ၊ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာ၏'။

သူတစ်ပါး၏ သားပျို၊ သမီးပျိုများကို ကျူးလွန်ခဲ့သူများသည် ငရဲ၊ တိရစ္ဆာန် ဘဝကနေ ကင်းလွတ်ပြီး လူ့ဘဝကို ရလာစေကာမူ လူတွေက မုန်းတီးနေတတ်ကြ၏။ မိမိကို ရန်မူချင်တဲ့သူတွေက နေရာမရွေး ရှိနေတတ်ကြ၏။ လာဘ်လာဘချို့တဲ့ပြီး အမြဲတမ်း ကိုယ်စိတ်မချမ်းမသာ ဖြစ်နေရတတ်၏။ ယောကျ်ားဘဝကို ဘယ်တော့မှ ပြန်မရဘဲ ကျက်သရေယုတ်နိမ့်တဲ့ မိန်းမဘဝသာ ရတတ်သည်။ အဲဒီအခါမှာလည်း တစ်လင်တစ်မယားရယ်လို့ ဘယ်တော့မှမမြဲဘဲ အိမ်ထောင်ပြုတိုင်း လင်တွေက စွန့်ပစ်သွားတတ်ကြ၏။ ဝဋ်ကြွေးကုန်လို့ ယောကျ်ားဘဝကို ပြန်ရခဲ့လျှင်လည်း ယောကျ်ားစစ်စစ်မဖြစ်ရဘဲ မိန်းမလျာတို့၊ ယောကျ်ားလျာတို့၊ မိန်းမတစ်လ၊ ယောကျ်ားတစ်လတို့ ဘဝမမှန်တာတွေ ဖြစ်နေရတတ်၏။

'မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပီ၊ သွားမညီလည်း၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊ ပုံယွင်းဖောက်၏။ မရောက်ဩဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လီ၊ စိတ်မတည်တည်း'။

အတိတ်ဘဝက မုသားစကား ပြောဆိုခဲ့သူများသည် ယခုဘဝ၌ စကားပီပီသသ မပြောနိုင်ခြင်း၊ စွံ့အ ခြင်း၊ ထစ်ငေါ့ခြင်းများ ဖြစ်တတ်ကြသည်။ သူတစ်ပါး နားဝင်အောင် စီကာပတ်ကုံး မပြောတတ်ကြပါ။ သွားတွေကလည်း ကျိုးတို့ကျဲတဲ မညီမညာတ် ဖြစ်နေတတ်ကြ၏။ ခံတွင်းပါးစပ်ကလည်း ပုပ်ညှီသောကြောင့် တခြားသူများက လေတင်နှင့် လေအောက်တောင် မနေနိုင်ကြပါ။ ကိုယ်အသားအရေ ပူရှိန်ခြောက်ကပ်၍ စိုစိုဖတ်ဖတ်မရှိခြင်း၊ မျက်စိ၊ ခြေ၊ လက်တို့က တလှုပ်လှုပ် တရွရွနှင့် တည်တည်ငြိမ်ငြိမ် မရှိဘဲ ဣန္ဒြေမဲ့နေတတ်ခြင်း၊ ပုံဟန်မလှဘဲ အမြဲတမ်း ပြူးတူးပြဲတဲ ကယောင်ချောက်ချား ဖြစ်နေတတ်ခြင်း၊ သူတစ်ပါးအပေါ်တွင် ဩဇာအာဏာမရှိ မိမိပြောသောစကားကို လေးလေးနက်နက် သဘောမထားဘဲ လိုက်နာလက်ခံမှု မရှိကြပါ။ မိမိပြောလိုက်ပြန်လျှင်လည်း သူတစ်ပါးနားထဲတွင် ထော်လော်ကန့်လန့် ဖြစ်နေတတ်၏။ မိမိကိုယ်တိုင်က စိတ်မတည်ဘဲ အမှန်တရားကို မဆုံးဖြတ်နိုင်ခြင်း၊ အပြောင်းအလဲမြန်ခြင်းတို့ကြောင့် အဲ့ဒီလိုလူများသည် ဘယ်တော့မှ အကြီးအကဲ လူကြီးလူကောင်း ဖြစ်နိုင်ဖို့ လမ်းမရှိပါ။

'သေရည်သောက်လင့်၊ သင့် မသင့်၌၊ ရေးခွင့်မသိ၊ ပျင်းရိမူးရူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာ၏'။

သေရည်အရက် သောက်သောသူများသည် ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် သင့်၏ မသင့်၏၊ တော်၏ မတော်၏ ဆိုသော အခွင့်အရေးတွေကို လုံး၀ မသိနိုင်ပါ။ အမြဲတမ်း ထိုင်းမှိုင်းလေးလံ တွေဝေနေတတ်ကြ၏။ သတိမေ့လျော့နေတတ်ကြ၏။ မူးမူးရူးရူးနှင့် စိတ်ဖောက်ပြန်နေတတ်သည်။ နောက်ဘဝတွင် လူပြန်ဖြစ်လျှင်လည်း အရူးအနှမ်းတွေသာ ဖြစ်တတ်ကြပါသည်။ သူတစ်ပါး၏ကျေးဇူးကို မေ့တတ်ပြီး ကျေးဇူးကန်းတတ်ကြ၏။ ဟိရီ ဩတ္တပ္ပဆိုတဲ့ အရှက်၊ အကြောက်မရှိဘဲ အဝတ်အစား အပြောအဆို အနေအထိုင်မှစ၍ အမြင်မတော်၊ အကြားမတော် ဖြစ်နေတတ်ကြသည်။ မကောင်းမှုဒုစရိုက်ကို လွယ်လွယ်နှင့် ကျူးလွန်တတ်ကြသည့်အတွက်ကြောင့် အကုသိုလ်အပေါ်မှာ အကုသိုလ်တွေဆင့်ဆင့်ပြီး မကောင်းမှုများ တိုးပွားနေတတ်ကြသည်။ အဲ့ဒီလို လူစားမျိုးဟာ ရပ်မှု၊ ရွာမှု လူ့အဖွဲ့အစည်းမှာ မဆိုထားနှင့် မိမိ မိသားစုအပေါ်မှာတောင် ဩဇာအာဏာ မရှိနိုင်ကြပါ။ ရိုသေလေးစားခြင်းလည်း မခံကြရပါ။

**'သီလခေါ်ဆို၊ ကိုယ်ကျင့်တရား၊**
**စင်ကြယ်ငြားမူ၊ စီးပွားတိုးလျက်**
**နာမည်တက်၍၊ ရွံရှက်ကြောက်ကင်း**
**ပွဲလယ်ချဉ်း၏။**
**သေခြင်းဆိုက်လတ်၊ သတိကပ်လျက်**
**ရောက်လက်နက်ဝယ်၊ ဤငါးသွယ်**
**ရဖွယ်ကောင်းကျိုးတည်။'**

ကိုယ်ကျင့်တရားငါးပါးကို မညစ်မနွမ်း စောင့်ထိန်းနေသူများသည် အကျိုးငါးပါးရရှိမည်ဖြစ်သည်။ ထိုအကျိုးတရား ငါးပါးတို့သည်…

၁။ ကုသိုလ် အကျိုးစီးပွား အမြဲတိုးတက်နေကြလိမ့်မည်။

၂။ လူ့လောက၊ နတ်လောကတွင် မိမိ၏ဂုဏ်သတင်း ထင်ရှားကျော်ကြား၍ နေလိမ့်မည်။

၃။ မိမိကိုယ်တိုင်ကလည်း ကိုယ့်သိက္ခာကို ကိုယ်ယုံကြည်စိတ်ချစွာနှင့် လူပုံအလယ်တွင် ထိတ်လန့်တုန်လှုပ်မှုမရှိဘဲ ချဉ်းကပ်နိုင်လိမ့်မည်။

၄။ စုတိမနေ သေခါနီးကာလတွင် မတွေမဝေ သတိမလွတ်ဘဲ သေမင်းကို ရင်ဆိုင်ဝံ့၏။

၅။ သေသွားပြန်တော့လည်း အပါယ်လေးပါး တံခါးပိတ်၍ သုဂတိ နတ်ဘုံသို့သာ လားရ၏။

**ဥပုသ်**

ဗုဒ္ဓဘာသာဝင် သူတော်စင်များသည် ဥပုသ်နေ့ ရောက်ရှိပါက ဥပုသ်စောင့်တတ်ကြ၏။ မိရိုးဖလာမိဘများ ဥပုသ်စောင့်လို့ လိုက်စောင့်ရာကနေ ဥပုသ်စောင့်သူများလည်း ရှိကြ၏။ သို့သော်လည်း ဥပုသ်စောင့်သုံးခြင်း၏ရည်ရွယ်ချက်နှင့် ဥပုသ်ဆိုသည့် စကားလုံး၏ အဓိပ္ပာယ်ကို ကျကျနန မသိကြပါ။

ဗုဒ္ဓဘာသာဝင်များ ဥပုသ်စောင့်ကြသည်မှာ ရှေးအစဉ်အလာအရ လဆန်း ၈ ရက်၊ လဆုတ် ၈ ရက်၊ လပြည့်၊ လကွယ် ဟူ၍ တစ်လတွင် လေးသီတင်းသတ်မှတ်ပြီး သီတင်းနေ့များ၌ ဥပုသ်စောင့်လေ့ရှိကြသည်။

တစ်လ လေးသီတင်း ဥပုသ်စောင့်ရုံမျှမကဘဲ 'ပဋိဇာဂရ ဥပုသ်'ဟု ဆိုအပ်သော အကြိုနှင့်အပို စောင့်ကြသည်များလည်း ရှိသေးသည်။ လဆန်း ၇ ရက်၊ လဆန်း ၈ ရက်၊ လဆန်း ၉ ရက် သုံးရက်၊ ထို့အတူ လပြည့်အဖိတ်၊ လပြည့်နေ့၊ လပြည့်ကျော် ၁ ရက် သုံးရက်၊ လပြည့်ကျော် ၈ ရက်မှာလည်း သုံးရက်၊ လကွယ်နေ့မှာလည်း သုံးရက်ဆိုလျှင် တစ်လတွင် ၁၂ ရက်စောင့်တာကို 'ပဋိဇာဂရ ဥပုသ်'ဟု ခေါ်သည်။

'ဥပုသ်'ဆိုသော စကားလုံးသည် ပါဠိလို 'ဥပေါသထ'ဆိုသော စကားလုံးမှလာခြင်းဖြစ်သည်။ ဥပေါသထကို ပုဒ်ခွဲလိုက်ပါက 'ဥပ'နှင့် 'ဝသထ'ဖြစ်၏။ 'ဥပ'ဆိုသည်မှာ ကျင့်စဉ်တစ်ရပ်နှင့်ပြည့်စုံပြီး 'ဝသထ'ကျင့်သုံးနေထိုင်ခြင်း'ဟူ၍ အဓိပ္ပာယ်ရပါသည်။ 'ကိုယ်ကျင့်သီလနှင့် ကျင့်သုံးနေထိုင်ခြင်း'ဟူ၍ ဆိုလိုပါသည်။

ဥပုသ်စောင့်သုံးခြင်း၏ ရည်ရွယ်ချက်သည် လောဘ၊ ဒေါသ၊ မောဟများ လျော့ကျရန် ဖြစ်၏။ ကုသိုလ်တရားများ တိုးပွားရန် အကျင့်တရားတစ်ခုကို ကန့်သတ်ပြီး စောင့်သုံးကြခြင်းပင် ဖြစ်သည်။

မြတ်စွာဘုရားက ဥပုသ် သုံးမျိုးရှိကြောင်း ဝိသာခါကျောင်းအမကြီးအား ဟောကြားခဲ့ပါသည်။ ထိုသုံးမျိုးမှာ 'ဂေါပါလကုပေါသထ'ဟုဆိုအပ်သော 'နွားကျောင်းသား ဥပုသ်'၊ 'နိဂဏ္ဌုပေါသထ' ဟု ဆိုအပ်သော ဂိုဏ်းဘာသာဝင်များ စောင့်သောဥပုသ်၊ 'အရိယုပေါသထ'ဟု ဆိုအပ်သော မြင့်မြတ်သည့်ပုဂ္ဂိုလ်များ စောင့်ထိန်းသည့် ဥပုသ်တို့ပင်ဖြစ်သည်။

'အရိယုပေါသထ'ဟုခေါ်သော သူတော်စင်များ စောင့်ထိန်းသည့် ဥပုသ်သည် ညစ်နွမ်းနေသောစိတ်ကို ဖြူစင်အောင် ကြိုးစားမှု ဖြစ်သည်။ ဥပုသ်စောင့်ပြီး ညစ်နွမ်းနေသောစိတ်ကို ဖြူစင်အောင် ကြိုးစားဖို့လိုသည်။ ဥပုသ်စောင့်နေသော ပုဂ္ဂိုလ်တစ်ယောက်သည် စိတ်အညစ်အကြေးများ ဖြူစင်လာအောင် လုပ်ရသည်ဆိုရာတွင် အဓိကအားဖြင့် ကာယကံမှုနှင့် ဝစီကံမှု မကျူးလွန်အောင် ထိန်းသိမ်းရခြင်းပင် ဖြစ်ပါသည်။

ဥပုသ်စောင့်သုံးခြင်း၏ အကျိုးကျေးဇူးများသည် ဘယ်လောက်များသလဲဆိုလျှင် ကမ္ဘာလောကကြီးအတွင်းမှာရှိသော အဖိုးတန်ရတနာများ၏ တန်ဖိုးနှင့် တစ်ကြိမ်တစ်ခါ စောင့်လိုက်ရသော ဥပုသ်နှင့် နှိုင်းယှဉ်လျှင် ရတနာများ၏ တန်ဖိုးသည် ဥပုသ်တစ်ခါ စောင့်ရသော ကုသိုလ်တန်ဖိုး၏ (၁၆)ပုံ၊ ပုံ(၁)ပုံမျှပင် မရှိဟု ဘုရားရှင်က ဟောကြားထားလေသည်။

'လူ့လောကတွင်ရှိတဲ့ ပုဂ္ဂိုလ်တွေ ငါလို သိကြားမင်း ဖြစ်ချင်ရင် လဆန်း ၈ ရက်၊ လဆုတ် ၈ ရက်၊ လပြည့်၊ လကွယ်နေ့တွေ မှာ ဥပုသ်စောင့်ကြပါလို့' သိကြားမင်းကြီးက နတ်သဘင် အစည်းအဝေးတစ်ခုတွင် မိန့်ကြားခဲ့ပါသည်။

အဲ့ဒီလို မိန့်ခွန်းပြောတာကို မြတ်စွာဘုရားရှင်က ဘာပြောတုန်းဆိုလျှင် 'သိကြားမင်းပြောတဲ့ 'ငါလို သိကြားမင်း ဖြစ်ချင်လို့ရှိရင် ဥပုသ်စောင့်'ဆိုတဲ့ စကားဟာ မပြည့်စုံဘူးတဲ့။ တကယ်ပြောရမှာက ရဟန္တာပုဂ္ဂိုလ်က ငါလို ရဟန္တာ ဖြစ်ချင်ရင် ဥပုသ်စောင့်'လို့ ပြောရမည်ဟု ဟောကြားခဲ့ပါသည်။

အရှင်ဇနကာဘိဝံသ ရှိစဉ်ကလည်း သူ၏ ဒါယကာအရင်း၊ ဒါယိကာမအရင်းများအား ညတစ်ပိုင်း ဥပုသ်စောင့်ထိန်းကြရန် ဩဝါဒ မိန့်ကြားခဲ့ပါသည်။

အကျင့်သီလနှင့် ပြည့်စုံသူသည် ယခုဘဝ၌လည်း ဝမ်းမြောက်ရ၏။ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ မိမိစောင့်ထိန်းသော သီလကို တွေးတော၍ ဝမ်းမြောက်ခြင်း၊ စိတ်ချမ်းသာခြင်း ပီတိကို ခံစားရ၏။ စိတ်၏ တည်ကြည်ခြင်း သမာဓိတရားကို ကောင်းစွာထောက်ပံ့သည်။ ထိုမှတစ်ဆင့် မဂ်တရား၊ ဖိုလ်တရား တို့သို့ ရောက်ရာရောက်ကြောင်း အားကောင်းသော အထောက်အပံ့ ဖြစ်စေသည်။

သို့ဖြစ်ပါ၍ စာဖတ်သူ ဓမ္မမိတ်ဆွေများ မြတ်ဗုဒ္ဓ ဟောကြားသော ဝါရိတ္တသီလ ရှောင်ကြဉ်အပ်သည်များကို ရှောင်ရှား၊ စာရိတ္တသီလများကို လိုက်နာကျင့်သုံးခြင်းဖြင့် သီလ၊ သမာဓိ၊ ပညာများ ခံစားရရှိနိုင်စေကြောင်း အထူးမေတ္တာထားကာ ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါသည်။

**ကိုးကား ။ ။**
**အရှင်ဇနကာဘိဝံသ၏ - ရတနာ့ဂုဏ်ရည်**
**ပညာဘူမိတက္ကသိုလ်မှ ထုတ်ဝေသည့် သုတဓမ္မဒီပလိုမာ Level 2**
**ဦးသုခ ရိုက်ကူးခဲ့သည့် - တစ်ပါးသီလရုပ်ရှင်ဇာတ်ကား**

သုဘလုလင်

## တောင်ကိုရီးယားနိုင်ငံ၏ မတ်လ ပို့ကုန်ပမာဏ ဈေးကွက်မျှော်မှန်းချက်များအောက်တွင်သာ ရှိနေသေး



**ဆိုးလ် ဧပြီ ၃**

တောင်ကိုရီးယားနိုင်ငံ၏ မတ်လ ပို့ကုန်ပမာဏသည် ဒုတိယလ ဆက်တိုက်တိုးမြင့်လာသော်လည်း ဈေးကွက်မျှော်မှန်းချက်များ အောက်တွင်သာရှိနေသေးကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အာရှ၏ စတုတ္ထမြောက် အကြီးဆုံးစီးပွားရေးနိုင်ငံမှ ပို့ကုန်ပမာဏသည် ယခုနှစ်အစောပိုင်းက ၅၈ ဒသမ ၂၄ ဘီလီယံဒေါ်လာရှိခဲ့ပြီး ယခင်နှစ်ထက် ၃ ဒသမ ၁ ရာခိုင်နှုန်းတိုးလာသော်လည်း ဘောဂဗေဒပညာရှင်များ စစ်တမ်းအရ ၃ ဒသမ ၅ ရာခိုင်နှုန်း မျှော်မှန်းချက်ထက် နိမ့်ကျခဲ့သည်။

အမေရိကန်၏ ကားများအပေါ် အခွန်အသစ်များကို ယခုအပတ်အတွင်း စတင်မည်ဖြစ်ပြီး ချစ်ပ်များတင်သွင်းမှုနှင့် အဓိကကုန်သွယ်ဖက်နိုင်ငံများအပေါ် အခွန်တုံ့ပြန်စီမံချက်များ ပြုလုပ် သွားမည်ဟု သမ္မတရုံးက ခြိမ်းခြောက်ထားသည်။

တင်သွင်းကုန်သည် ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးလာကာ ၅၃ ဒသမ ၂၈ ဘီလီယံဒေါ်လာ ရှိခဲ့ပြီး မတ်လအတွက် အစောပိုင်း ကုန်သွယ်ရေးပိုလျှံမှုမှာ ၄ ဒသမ ၉၉ ဘီလီယံဒေါ်လာဖြစ်ခဲ့သည်။

ပျမ်းမျှအလုပ်လုပ်သည့်နေ့ တစ်ရက်စီတွင် မတ်လပို့ကုန်သည် ၅ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။ **Mon**

## ဒေါ်နယ်လ်ထရမ့် ကြေညာမည့်ကုန်သွယ်ခွန်အသစ်များကြောင့် အာရှစတော့ဈေးနှုန်းများ ရုတ်တရက်ကျဆင်းသွားခဲ့

**ဝါရှင်တန် ဧပြီ ၃**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ယခုအပတ်အတွင်းကြေညာမည့် ကုန်သွယ်ခွန်အသစ်များသည် အမေရိကန်နှင့် ကုန်သွယ်မှုချို့တဲ့သည့် နိုင်ငံများသာမကနိုင်ငံအားလုံးကို ထိခိုက်စေမည်ဟု ပြောကြားပြီးနောက် အာရှစတော့ဈေးနှုန်းများရုတ်တရက်ကျဆင်းသွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။


၎င်း၏ ထုတ်ဖော်ပြောဆိုချက်များသည် ဧပြီလဆန်းတွင် ကျရောက်မည့် အမေရိကန်၏ "လွတ်မြောက်ရေးနေ့"ဟု ၎င်းခေါ်ဆိုထားသည့် ကုန်သွယ်ခွန်အသစ်များ ကြေညာမည့်အချိန်နှင့် တိုက်ဆိုင်နေသည်။



ထိုအစီအမံများသည် ဝါရှင်တန်မှ အလူမီနီယမ်၊ သံမဏိ နှင့် မော်တော်ယာဉ်များအပေါ် စည်းကြပ်ထားသည့် အခွန်များနှင့်အတူ တရုတ်နိုင်ငံမှ ကုန်ပစ္စည်းအားလုံးအပေါ် တိုးမြှင့်ထားသော အခွန်များအပြင် ထပ်မံကျင့်သုံးမည်ဟု ဆိုသည်။

သမ္မတ၏ နောက်ဆုံးထုတ်ဖော်ပြောဆိုချက်များသည် လွန်ခဲ့သော တစ်ပတ်က ၎င်း၏ ကုန်သွယ်မှု အခွန်အစီအမံများကို လျှော့ချနိုင်သည်ဟု ဖော်ပြထားချက်နှင့် ကွဲလွဲနေကြောင်း သိရသည်။ **Mon**

## ဂျပန်နိုင်ငံတွင် ဧရာမငလျင်ကြီးတစ်ခုဖြစ်ပွားပါက ဆူနာမီများဖြစ်ပေါ်ကာ လူပေါင်း ၃၀၀၀၀၀ ခန့် သေဆုံးနိုင်



**တိုကျို ဧပြီ ၃**

ဂျပန်နိုင်ငံ၏ ပစိဖိတ်ကမ်းရိုးတန်းတွင် ကြာမြင့်စွာ မျှော်လင့်ထားသော ဧရာမငလျင်ကြီး တစ်ခုဖြစ်ပွားပါက အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၁ ထရီလီယံအထိ ဆုံးရှုံးနိုင်ပြီး ထိုငလျင်ကြောင့် အကြီးစားဆူနာမီများ ဖြစ်ပေါ်ကာ အဆောက်အအုံပေါင်း ရာနှင့်ချီ ပြိုကျပြီး လူပေါင်း ၃၀၀၀၀၀ ခန့် သေဆုံးနိုင်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ငလျင်အများဆုံးဖြစ်ပွားသည့် နိုင်ငံတစ်ခုဖြစ်ပြီး နန်ကိုင်းချောက်အမည်ရှိ ငလျင်လှုပ်လေ့ရှိသည့် ပင်လယ်ကြမ်းပြင် ဇရိယာတစ်လျှောက် ရစ်ချ်တာစကေး ၈ မှ ၉ အထိ ငလျင်ဖြစ်ပွားနိုင်ခြေ ၈၀ ရာခိုင်နှုန်းရှိသည်ဟု အစိုးရက ခန့်မှန်းထားသည်။

အဆိုးဆုံးအခြေအနေတွင် ရစ်ချ်တာစကေး ၉ ထိ ငလျင်ဖြစ်ပွားပါက ဂျပန်နိုင်ငံ၌ လူဦးရေ၏ ၁ ရာခိုင်နှုန်းဖြစ်သော လူပေါင်း ၁ ဒသမ ၂၃ သန်းခန့် ရွှေ့ပြောင်းနေထိုင်ရနိုင်သည်။

ဆောင်းရာသီအချိန်တွင် ငလျင်ဖြစ်ပွားပါက ဆူနာမီနှင့် အဆောက်အအုံ ပြိုကျမှုများကြောင့် လူပေါင်း ၂၉၈၀၀၀ အထိ သေဆုံးနိုင်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထိုချောက်သည် ဂျပန်နိုင်ငံ၏ အနောက်တောင်ဘက် ပစိဖိတ်ကမ်းရိုးတန်းတွင် တည်ရှိပြီး ကီလိုမီတာ ၉၀၀ ခန့် ရှည်လျားကာ ဖိလစ်ပိုင်ပင်လယ်ပြင်များသည် ယူရေးရှားကျောက်လွှာပြင်အောက်သို့ နစ်ဝင်နေသည့်နေရာဖြစ်သည်။

ထိုဒေသတွင် တည်ဆောက်လျက်ရှိသော ကျောက်လွှာဖိအားများသည် နှစ်ပေါင်း ၁၀၀ မှ ၁၅၀ တွင် တစ်ကြိမ်ခန့် ကြီးမားသည့် ငလျင်များကို ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။ **Mon**

## သီးသန့်အာကာသယာဉ်မှူး လေးဦးပါဝင်သည့်အဖွဲ့ကို အီလွန်မတ်စ်၏ စပေ့စ်အိတ်ခ်စ်ကုမ္ပဏီက လွှတ်တင်



**ဝါရှင်တန် ဧပြီ ၃**

အီလွန်မတ်စ်၏ စပေ့စ်အိတ်ခ်စ်ကုမ္ပဏီသည် ကမ္ဘာကို တောင်ဝင်ရိုးမှ မြောက်ဝင်ရိုးအထိ လှည့်ပတ်မည့် မစ်ရှင်တစ်ခုအတွက် ခရစ်ပ်တိုငွေကြေးလုပ်ငန်းရှင်တစ်ဦး ဦးဆောင်သော သီးသန့်အာကာသယာဉ်မှူး လေးဦးပါဝင်သည့်အဖွဲ့ကို မကြာသေးမီက လွှတ်တင်ခဲ့ပြီး ထိုသို့သော လမ်းကြောင်းအတိုင်း လူသားများ ယခင်က မည်သည့်အခါမျှ ခရီးမသွားဖူးသေးကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မော်လ်တာရင်းနှီးမြှုပ်နှံသူ ချွန်ဝမ်းသည် တရုတ်နိုင်ငံဖွား စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး ဘစ်ကွိုင်တူးဖော်ရေးကုမ္ပဏီတစ်ခုကို တည်ထောင်သူဖြစ်က စပေ့စ်အိတ်ခ်စ်၏ ဖမ်း-၂ မစ်ရှင်၏ ငွေကြေးထောက်ပံ့သူနှင့် မစ်ရှင်ခေါင်းဆောင်လည်း ဖြစ်သည်။

ဖမ်း-၂ ဟူသော အမည်သည် ၂၀ ရာစုအစောပိုင်းက အာတိတ်စူးစမ်းရေးလုပ်ငန်းတွင် ရှေ့ဆောင်ခဲ့သော နော်ဝေသင်္ဘော ဖမ်းကို ရည်ညွှန်းခြင်းဖြစ်သည်။

အမေရိကန်အရှေ့ပိုင်း စံတော်ချိန် ၉ နာရီ ၄၇ မိနစ် အချိန်တွင် ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသစခန်းမှ လွှတ်တင်ခဲ့ပြီး သုံးရက်မှ ငါးရက်ကြာ လွတ်လပ်စွာပျံသန်းမည့် အာကာသယာဉ်ပေါ်တွင် ဝမ်းနှင့် အဖွဲ့ဝင်သုံးဦးတို့ စီးနင်းလိုက်ပါခဲ့ကြသည်။

ထိုခရီးစဉ်အတွင်း ၎င်းတို့သည် အာကာသခရီးစဉ်နှင့် အာကာသဆိုင်ရာ ဆွဲငင်အားနည်းခြင်းတို့က လူသားခန္ဓာကိုယ်အပေါ် မည်သို့သက်ရောက်မှုရှိသည်ကို အဓိကထားသော သုတေသနစမ်းသပ်မှု ၂၂ ခုတွင် ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **Mon**

0-0-0-0-0




## ရောမခေတ်ဒင်္ဂါးပြားကို ပေါင်စတာလင် ၅၀၀၀ နီးပါးဖြင့် လေလံတင်ရောင်းချ

**ဗြိတိန် ဧပြီ ၃**

ဗြိတိန်နိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိသည်ဟု ယူဆရသော ရောမခေတ်ဒင်္ဂါးတစ်ပြားကို ပေါင်စတာလင် ၅၀၀၀ နီးပါးဖြင့် ယမန်နေ့က လေလံတင်ရောင်းချခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အနောက်မြောက်မစ်ဒလန်းနယ် ကင်းစ်ဝင်ဖို့မြို့မှ အသက် ၇၆ နှစ်အရွယ် ရွှန်ဝေါလ်တာဆိုသူ ယမန်နှစ်က ဒလီမြို့အနီး ဝေါဟိပ်ကျေးရွာတွင် သတ္တုဖမ်းစက်ဖြင့် ရှာဖွေစဉ် ထိုအင်္ဂါးကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

အဆိုပါဒင်္ဂါးကို စကော့တလန်မှ စုဆောင်းသူတစ်ဦးက ပေါင် ၄၇၀၀ ဖြင့် ဝယ်ယူခဲ့ကြောင်း စတောဘရစ်ခ်ျမြို့ရှိ ဖီးလ်ဒင်လေလံဆိုင်မှ မာခန်နမ်က အတည်ပြုပြောကြားသည်။

အေဒီ ၆၉ ခုနှစ်က ထုတ်ဝေခဲ့သော ထိုဒင်္ဂါးသည် ဗြိတိသျှကျွန်းစုတွင် တွေ့ရှိရသည့် တစ်ခုတည်းသော ဒင်္ဂါးဖြစ်မည်ဟု ယူဆရသည်။

ဒင်္ဂါးတွင်"စစ်ဘုရင်လေးပါးနှစ်"ဟု ခေါ်သော ပြည်တွင်းစစ်ကာလအတွင်း ရှစ်လသာအုပ်စိုးခဲ့သည့် အစိုးရသခင် အူလပ်ဗိတယ်လီယပ်စ်၏ပုံကို ဖော်ပြထားကြောင်း သိရသည်။ **Mon**



STOP AIDS

# နိုင်ငံတကာ အားကစား သတင်းများ

## ပြီးခဲ့သည့် ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်း စတာလင်ပေါင် သန်း ၁၀၀ကျော် အမြတ်ထွက်ခဲ့



**လန်ဒန် ဧပြီ ၃**

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ဘဏ္ဍာရေးရှင်းတမ်းအား ထုတ်ပြန်ကြေညာခဲ့ရာ စတာလင်ပေါင် သန်း ၁၀၀ ကျော် အမြတ်ထွက်ခဲ့သည်။

ချဲလ်ဆီးအသင်းသည် အမှတ်တရပစ္စည်းများရောင်းချမှု၊ ကွင်းဝင်ကြေး၊ အခြားစပွန်ဆာကြေး မြောက်မြားစွာ ရရှိခဲ့မှုကြောင့် ယခုလို အမြတ်ထွက်ခဲ့ခြင်း ဖြစ်သည်။

ချဲလ်ဆီးအသင်းသည် အသင်းပိုင်ရှင်သစ်လက်ထက်တွင် ပထမဆုံးအကြိမ်အဖြစ် အမြတ်ထွက်ခဲ့ခြင်း ဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင်မူ ပရီးမီးယားလိဂ်ပွဲစဉ် ၂၉ ပွဲ ကစားအပြီးတွင် ရမှတ် ၄၉ မှတ်ဖြင့် အဆင့် ၆ နေရာတွင် ရပ်တည်လျက်ရှိသည်။

(ဝဲပုံ)

(NGB)

## ချာကီအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း စီစဉ်

**မန်ချက်စတာ ဧပြီ ၃**

မန်ချက်စတာယူနိုက်တက်အသင်းသည် လိုင်ယွန်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား ချာကီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် လိုင်ယွန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၆ ပွဲကစားပြီး ၂၅ ဂိုးသွင်းယူကာ ခြေစွမ်းပြထားခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

လိုင်ယွန်အသင်းကလည်း ချာကီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် လိုင်ယွန်အသင်းထံမှ ချာကီအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)



## တွမ်ဝတ်ဆန်အား ခေါ်ယူရန် ဘရိုက်တန်အသင်း သဘောတူညီမှုရရှိ

**လန်ဒန် ဧပြီ ၃**

ဘရိုက်တန်အသင်းသည် ဆန်းဒါးလန်းအသင်း တောင်ပံကစားသမား တွမ်ဝတ်ဆန်အား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ဘရိုက်တန်အသင်းနှင့်အတူ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်လည်း ချုပ်ဆိုသွားမည်ဖြစ်သည်။

တောင်ပံကစားသမား တွမ်ဝတ်ဆန်သည် ဆန်းဒါးလန်းအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၇ ပွဲကစားပြီး အကောင်းဆုံးခြေစွမ်းပြထားသည်။

အသက်(၁၈)နှစ်အရွယ်ရှိ တောင်ပံကစားသမား တွမ်ဝတ်ဆန်သည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်း ခံထားရသောကြောင့် ဘရိုက်တန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

(NGB)





## ဂျာမန်ဖလား ဗိုလ်လုပွဲအဆင့်တွင် စတုဂတ်အသင်းနှင့် အာမီးနီးယားအသင်းတို့ ထိပ်တိုက်တွေ့ဆုံ

**မြူးနစ် ဧပြီ ၃**

၂၀၂၄-၂၀၂၅ဂျာမန်ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်များအား ယနေ့ ယှဉ်ပြိုင်ကစား အပြီးတွင် ဗိုလ်လုပွဲအဆင့် ပွဲစဉ်ထွက်ပေါ်လာခဲ့ပြီး စတုဂတ်အသင်းနှင့် အာမီးနီးယားအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

စတုဂတ်အသင်းသည် ဂျာမန်ဖလား ဆီမီးဖိုင်နယ် အဆင့်တွင် လိုက်ပဇစ်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့သလို အာမီးနီးယားအသင်းသည်လည်း လေဗာကူဆင်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

၂၀၂၄-၂၀၂၅ ဂျာမန်ဖလား ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် မေ ၂၅ ရက်တွင် စတုဂတ်အသင်းနှင့် အာမီးနီးယားအသင်းတို့ ယှဉ်ပြိုင် ကစားသွားမည် ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## ဂါဘရီရယ်လ် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိ

**လန်ဒန် ဧပြီ ၃**

အာဆင်နယ်အသင်းနောက်ခံကစားသမား ဂါဘရီရယ်လ် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် အာဆင်နယ်အသင်းက ဖူလ်ဟမ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။



နောက်ခံကစားသမား ဂါဘရီရယ်လ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဆင်နယ်အသင်း ခံစစ်ပိုင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဂါဘရီရယ်လ်သည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၀ ပွဲကစားပြီး ဂိုး ၂၀ ထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

(NGB)

## နည်းပြ ပိုစတီကိုဂလူးအား ရာထူးမှ ထုတ်ပယ်ပေးရန် စပါးအသင်းထံ ပရိသတ်များ တောင်းဆို

**လန်ဒန် ဧပြီ ၃**

စပါးအသင်းပရိသတ်များသည် လက်ရှိအချိန် အသင်း ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ ပိုစတီကိုဂလူးအား ရာထူးမှ ထုတ်ပယ်ပေးရန် အသင်းထံ တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။

စပါးအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၂၉ ပွဲကစားအပြီးတွင် ရမှတ် ၃၄ မှတ်ဖြင့် အဆင့် ၁၄ နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားခြင်းကြောင့် စပါအသင်းပရိသတ်များက နည်းပြ ပိုစတီကိုဂလူးအား ရာထူးမှ ထုတ်ပယ်ပေးရန် တောင်းဆိုလာခြင်း ဖြစ်သည်။



နည်းပြ ပိုစတီကိုဂလူးသည် စပါးအသင်းအား ၂၀၂၃ ခုနှစ် ဇူလိုင် ၁ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၈၇ ပွဲတွင် ၄၂ ပွဲ နိုင်၊ ၁၃ ပွဲ သရေ၊ ၃၂ ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် စပါးအသင်းအနေဖြင့် အသင်းပရိသတ်များ တောင်းဆိုထားသည့်အတိုင်း နည်းပြ ပိုစတီကိုဂလူးအား အသင်းနည်းပြရာထူးမှ ထုတ်ပယ်သွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ)

(NGB)

## ဘောလုံးသတင်း အတိုအထွာများ

* ဝုဖ်အသင်းကွင်းလယ်ကစားသမား ဂျိုအာချင် ဂိုမက်စ် ယခုနှစ်ဘောလုံးရာသီ အကုန်တွင် အသင်းမှ ထွက်ခွာသွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဂျူဗင်တပ်အသင်း တိုက်စစ်မှူး ဗလာဟိုဗစ်သည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းမှ ထွက်ခွာသွားမည်ဖြစ်ပြီး ၎င်းအား ခေါ်ယူရန် စပါးအသင်းက စိတ်ဝင်စားလျက်ရှိသည်။

* အက်စ်ပန်ညိုဂိုးသမား ဂျိုအန်ဂါစီယာက မိမိ အနေဖြင့် အသင်းမှ ထွက်ခွာ မည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း ပြောကြားခဲ့သည်။ (NGB)

## 2025 Porsche Tennis Grand Prix တင်းနစ်ပြိုင်ပွဲ ဧပြီ ၁၄ရက်တွင် စတင်မည်

**စတုဂတ် ဧပြီ ၃**

ဂျာမနီနိုင်ငံ၊ စတုဂတ်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Porsche Tennis Grand Prix တင်းနစ်ပြိုင်ပွဲ လာမည့် ဧပြီ ၁၄ရက်တွင် စတင်သွားမည် ဖြစ်သည်။



အဆိုပါ 2025 Porsche Tennis Grand Prix တင်းနစ်ပြိုင်ပွဲကို ဧပြီ ၁၄ရက်မှ ဧပြီ ၂၂ရက်အထိ ၉ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Porsche Tennis Grand Prix တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Porsche Tennis Grand Prix တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ကာဇက်စတန် တင်းနစ်မယ် Elena Rybakina ဖြစ်သည်။

(ဝဲပုံ)

(NGB)

# အိန္ဒိယနိုင်ငံဆေးတပ်မှ မန္တလေးတွင် ယာယီဆေးရုံဖွင့်လှစ်ပြီး ငလျင်ဘေးသင့် ပြည်သူများအား ကုသမှုများဆောင်ရွက်နေပြီဟုဆို



**မန္တလေး မေ ၃**

အိန္ဒိယနိုင်ငံ တပ်မတော်၊ ဆေးတပ်မှ မန္တလေးမြို့သို့ ရောက်ရှိလာပြီး ငလျင်ဘေးသင့် ဒဏ်ရာရပြည်သူများအား မေ ၁ ရက်မှစတင်၍ ချမ်းမြသာစည်မြို့နယ်၊ လေယာဉ်ကွင်းဟောင်းနေရာတွင် ယာယီဆေးရုံဖွင့်လှစ်ထားရှိကာ ဆေးကုသမှုများ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ယာယီဆေးရုံဖွင့်လှစ်၍ ဆေးကုသမှုများဆောင်ရွက်ပေးနိုင်ရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် လမ်းညွှန်မှုဖြင့် မြန်မာ့တပ်မတော်ဆေးတပ်ဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ကူညီဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အိန္ဒိယနိုင်ငံက ဆေးတပ်သား ၁၀၀ ကျော်လာရောက်ပြီး ငလျင်ဘေးသင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုတွေပေးဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ဒီနေ့ကစပြီး ဆောင်ရွက်ပေးနေပါပြီ။ သန့်ရှင်းရေးပိုင်း၊ သောက်ရေသုံးရေနဲ့ အုပ်ချုပ်မှုပိုင်းဆိုင်ရာနဲ့ လိုအပ်မှုတွေကို ကူညီဆောင်ရွက်ပါတယ်" ဟု ၎င်းကပြောသည်။

အိန္ဒိယနိုင်ငံမှ ဆေးတပ်သားများသည် မတ် ၃၁ ရက်က ရောက်ရှိလာပြီး ယာယီဆေးရုံဖွင့်လှစ်ကာ မျက်လုံး၊ မေးရိုးခံတွင်း၊ သွား၊ အထွေထွေရောဂါ၊ အရိုးအကြောနှင့် ခွဲစိတ်မှုစသည်တို့အပြင် ထိခိုက်ဒဏ်ရာများကိုလည်းကုသပေးသွားမည်ဖြစ်ကြောင်း New Star Light ကုမ္ပဏီမှလည်း ပံ့ပိုးကူညီကြောင်း သိရသည်။

"အမှတ်(၁)စစ်မြေပြင်တပ်ရင်းက အိန္ဒိယဆေးတပ်နဲ့ ပူးပေါင်းဆောင်ရွက်ရာမှာ လာရောက်ကုသတဲ့ လူနာတွေကြားဆက်သွယ်ဆောင်ရွက်ပေးတယ်။ မနေ့က ဆေးရုံမှာ လိုအပ်တာတွေကို Admin ပိုင်းမှာ ဆောင်ရွက်ပေးခဲ့တယ်။ သူတို့လည်း တစ်ညလုံး ဆေးရုံကုသရေးပိုင်းတွေ ပြင်ဆင်ကြတယ်။ ဒီမနက်ကစပြီး ကုသလို့ရပြီလို့ ပြောတယ်" ဟု အမှတ်(၁)စစ်မြေပြင် ဆေးတပ်ရင်းမှ တာဝန်ရှိသူက ပြောသည်။

ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်လေယာဉ်ကွင်းဟောင်းတွင် ဖွင့်လှစ်ထားသည့် ယာယီဆေးရုံတွင် ငလျင်ဘေးသင့်ပြည်သူများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်ပြီး လူမှုကူညီရေးအသင်းများအနေဖြင့်လည်း လူနာများ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်

**သရက် မေ ၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့ရှိ အကျဉ်းထောင်၌ မီးဘေးအန္တရာယ်အသိပညာပေးဟောပြောပွဲကို မေ ၁ ရက် နံနက်က ကျင်းပခဲ့ရာ အကျဉ်းထောင်အတွင်းရှိ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး ဟောပြောခဲ့ပြီး အကျဉ်းထောင်ဝန်ထမ်းများနှင့်အတူ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းများကို လက်တွေ့သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဇော်ဝမ်းထွန်း(အောင်လံ)



## Leadership သင်တန်း ဖွင့်လှစ်

**ပြင်ဦးလွင် မေ ၃**

နွေရာသီကျောင်းပိတ်ရက်များအတွင်း ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre )တွင် Leadership သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁ ရက် နံနက် ၉ နာရီက ကျင်းပရာ ရှေးဦးစွာ စာရေးဆရာ ကိုရွှေအောင်သင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြအဖြစ် ဦးအောင်မျိုးပိုင်(Human Resource Management Consultant) က Leadership နှင့် ပတ်သက်သော အကြောင်းအရာများ၊ Communication Skills နှင့် ခေါင်းဆောင်တစ်ယောက်တွင် ရှိရမည့် အရည်အချင်းများ အစရှိသည်တို့ကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ (အပေါ်ပုံ)

အဆိုပါ Leadership သင်တန်းအား ပြင်ဦးလွင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၈ဦး တက်ရောက်သင်ကြားလျက်ရှိပြီး မေ ၁ရက်မှ မေ ၇ရက်အထိ ၇ရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သွေးသွေး(ခရိုင်ပြန်/ဆက်)

# နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက် လှုပ်ရှားမှုပြုလုပ်

**ဆင်ပေါင်ဝဲ မေ ၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက် လှုပ်ရှားမှုအဖြစ် ၂၀၂၅ ခုနှစ်၊ မေ ၁ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် ပြုလုပ်ခဲ့ကြသည်။ (ယာပုံ)

အဆိုပါနိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာ လှုပ်ရှားမှုအဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထားသောအလံရှေ့တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုခြင်း၊ လှုပ်ရှားသွားလာနေသူများအနေဖြင့် ၎င်းအချိန်တွင် တစ်မိနစ်ငြိမ်သက်စွာ ရပ်တန့်၍ ဦးညွှတ်ဂါရဝပြုခြင်း၊ ၎င်းအချိန်တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ဥသြဆွဲဂါရဝပြုခြင်း၊ သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာအလိုက် ဘုရားစေတီများ၊ ဘုရားကျောင်းများ၊ ဝတ်ပြုနေရာများတွင် ဆုတောင်းမေတ္တာပို့သခြင်း၊ အန္တရာယ်ကင်းပရိတ်များ၊



ဆုတောင်းစာများ ရွတ်ဆိုခြင်းနှင့်အမျှအတန်းပေးဝေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ခနွဲ့ဝင်း(ဆင်ပေါင်ဝဲ)**

# ဝတ်မှုန်မွေးကောက်ချိန် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းရရှိနေ

**မကွေး မေ ၃**

ကိုင်းမြေများ၌ စိုက်သော ဆူးပန်းဝတ်မှုန်ပင်များ ဝတ်မှုန်မွေးကောက်ယူသည့်ကာလဖြစ်ရာ ဒေသခံများ အလုပ်အကိုင်အကိုင် အခွင့်အလမ်း ရရှိနေကြောင်း



မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်ဒေသခံများထံမှ သိရသည်။

"ဆူးပန်းပင်ကနေ ဝတ်မှုန်မွေးကောက်ချိန်ကာလဖြစ်ပြီး တောင်သူများအတွက် မိမိတို့လုပ်ငန်းခွင်ပြီးစီးရန် အလုပ်သမားငှားရမ်းပြီး လုပ်ကိုင်ကြတယ်၊ တစ်နေ့အလုပ်သမားတစ်ယောက်ကို ငွေကျပ် ၁၅၀၀၀ နဲ့ငှားရမ်းရတယ်၊ အချို့က တစ်အိမ်ထောင်ကို သုံးယောက်ခန့်အငှားလိုက်ရ၍ ဝင်ငွေရသဖြင့် အဆင်ပြေတယ်" ဟု ရေနံချောင်းမြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ ကမ်းနားရပ်နေ ဒေသခံတစ်ဦးက ပြောသည်။

ဆူးပန်းဝတ်မှုန်မွေးကို သုံးကြိမ်ခန့် ကောက်ယူပြီးစီးပြီး အပင်ကို ရိတ်သိမ်းကာ အစေ့ကို နောက်နှစ် ဆောင်းရာသီကိုင်းစိုက်ချိန် မျိုးအဖြစ် အသုံးပြုကြသည်။

ရေနံချောင်းမြို့နယ် ဖောင်းကတောကျေးရွာအုပ်စု၊ မာန်မြေကျေးရွာအုပ်စု၊ ဘူးကျွန်းကျေးရွာအုပ်စုများရှိ ကျေးရွာများ၌ ဆူးပန်းပင်ကို စိုက်ကြရာ ယခုဆူးပန်းဝတ်မှုန်မွေး ကောက်ယူနေကြကြောင်း သိရသည်။

(ဝဲပုံ)

(၄၇၂)

၀-၀-၀-၀-၀-၀-၀

သင့်သွေးဖြင့် အသက်ကယ်ပါ။

# နိုင်ငံရေးပါတီ ( ၂၉ ) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

နိုင်ငံရေးပါတီ ( ၂၉ ) ပါတီ၏
ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်
၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ( ၆ ) ရက်
၂၀၂၅ ခုနှစ်၊ ဧပြီလ ( ၃ ) ရက်

၁။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ( ၂ ) ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်တစ်ရပ်ကို ကြေညာခဲ့ပါသည်။

၂။ အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှစ၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက် အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း (၂၂)ကြိမ် ထုတ်ပြန်ခဲ့သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

(ခ) လက်ရှိအချိန်တွင် မတ် ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များလှုပ်ရှားမှုကြောင့် ငလျင်ဒဏ်သင့်ဒေသများ၌ လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရကာ ပြည်သူများ အသက်သေဆုံးခဲ့ရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထိုကဲ့သို့သော ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများကြောင့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အနေဖြင့် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

(ဂ) ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားနေရသော တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား စာနာထောက်ထား နားလည်သောအားဖြင့်လည်းကောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက်လည်းကောင်း တည်ငြိမ်အေးချမ်းမှုကို ရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်မှ ၂၂ ရက် အထိ ကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်လိုက်သည်။

၃။ သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်လျက်ရှိသော "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ"ကို အားပေးထောက်ခံပါကြောင်း၊ ၂.၄.၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်သည့် "ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်"ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် ၎င်းဆောင်ရွက်ချက်များမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်လိမ့်မည်" ဟု ယုံကြည်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းငွေ | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဒေါ်တင်တင်ရီ | ဥက္ကဋ္ဌ | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၁၁။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၂။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၃။ | ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | |
| ၁၄။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၅။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | |
| ၁၆။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၇။ | ဦးခိုင်မင်း | ဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၈။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၉။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီးအမျိုးသားပါတီ | |
| ၂၀။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၂၁။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေး ပါတီ | |
| ၂၂။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၃။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၄။ | ဦးရဲထွန်း | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၅။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၆။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မှန်တိုးတက်ရေးပါတီ | |
| ၂၇။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |
| ၂၈။ | ဦးမင်းသူ | ဥက္ကဋ္ဌ | ပြည်ထောင်စုလယ်သမားအလုပ်သမား အင်အားစုပါတီ | |
| ၂၉။ | ဒေါက်တာခင်မောင်ဦး | ဥက္ကဋ္ဌ | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်ပြုလုပ်ရန် နှိုးဆော်



**ဆင်ပေါင်ဝဲ ဧပြီ ၃**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မီးသတ်ဦးစီးဌာနမှ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လှုပ်ရှားမှုပြုလုပ်ရန် ကြေညာခြင်းကို ယမန်နေ့ ည ၉ နာရီက ဆင်ပေါင်ဝဲမြို့ပေါ်ရပ်ကွက်အတွင်းသို့ အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လှုပ်ရှားမှုပြုလုပ်ရန် ကြေညာခြင်း၊ အသိပေးနှိုးဆော်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနလက်ထောက်မီးသတ်ဦးစီးမှူးဦးချစ်ထွေး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်းရှိ လမ်းများတွင် မီးသတ်ယာဉ်ဖြင့် လှည့်လည်၍ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချ၍ လွှင့်ထားသောအလံရှေ့(သို့မဟုတ်)သင့်လျော်ရာနေရာ (သို့မဟုတ်)ပြုလုပ်နေသည့် အခမ်းအနားများ၌ ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုခြင်း၊ လှုပ်ရှားသွားလာနေသူများ အနေဖြင့် ၎င်းအချိန်တွင် တစ်မိနစ်ငြိမ်သက်စွာ ရပ်တန့်၍ ဦးညွှတ်ဂါရဝပြုခြင်း၊ ၎င်းအချိန်တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ဥသြဆွဲ ဂါရဝပြုခြင်း၊ ၎င်းအချိန်တွင် မီဒီယာများအနေဖြင့် ထုတ်လွှင့်လျက်ရှိသည့် အစီအစဉ်များအား ခေတ္တရပ်ဆိုင်း၍ ဝမ်းနည်းခြင်း အထိမ်းအမှတ် Logo များအား ထုတ်လွှင့်ခြင်း၊ သက်ဆိုင်ရာ ကိုးကွယ်ရာ ဘာသာအလိုက် ဘုရားစေတီများ၊ ဘုရားကျောင်းများ၊ ဝတ်ပြုနေရာများတွင် ဆုတောင်းမေတ္တာပို့သခြင်း၊ အန္တရာယ်ကင်းပရိတ်များ ဆုတောင်းစာများ ရွတ်ဆိုခြင်းနှင့် အမျှအတန်းပေးဝေခြင်း အထက်ပါ အစီအစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုလုပ်သွားမည်ဖြစ်သဖြင့် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်တစ်နိုင်ငံလုံး အတိုင်းအတာ လှုပ်ရှားမှုကို တစ်နိုင်ငံလုံးမှ ပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးဆော်သြခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ခနဲ့ဝင်း(ဆင်ပေါင်ဝဲ)**

၀-၀-၀-၀-၀-၀



## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေး ဆွေးနွေးပွဲကျင်းပ

**မင်းတုန်း ဧပြီ ၃**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမတွင် ဧပြီ ၁ ရက် နံနက် ၉ နာရီခွဲက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ခံများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီဇော်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ဥပဒေရုံးမှ အဂတိလိုက်စားမှု အဓိပ္ပာယ်အား ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် မြို့မရဲစခန်းမှူး ဒုရဲမှူးက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး ဥပဒေပါ ပုဒ်မများနှင့် ပြစ်မှု၊ ပြစ်ဒဏ်များအား အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ဝမ်းထွန်း(အောင်လံ)**

## ပွင့်ဖြူမြို့မဈေးကြီး၌ မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်

**ပွင့်ဖြူ ဧပြီ ၃**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေး အဖွဲ့က ဒေသတွင်းရှိ ပြည်သူများ နေ့စဉ် ဈေးရောင်း၊ ဈေးဝယ် ဆောင်ရွက်လျက်ရှိသော ပွင့်ဖြူမြို့မစည်ပင်သာယာဈေးကြီးအား မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေး လုပ်ငန်းများ စိတ်ချမှု ရှိ၊ မရှိ စစ်ဆေးခြင်းကို မတ် ၃၁ ရက်က မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွှန့်နှင့် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့မဈေးကြီးသို့



သွားရောက်၍ ဈေးအတွင်း၊ အပြင်ရှိ ဈေးဆိုင်ခန်းများ မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ၊ ဈေးအဝင်အထွက်တံခါးများ လုံခြုံကောင်းမွန်မှု ရှိ၊ မရှိ ၊ ဈေးလုံခြုံရေးမီးများ ကောင်းမွန်ခြင်း ရှိ၊ မရှိနှင့် ဈေးမီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိသော အပေါ့စားမီးငြိမ်းသတ်ရေးပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိ အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဈေးအစောင့်ဝန်ထမ်းများအား ပွင့်လင်းရာသီကာလ ဈေးမီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးအတွက် တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော ဈေးများ၌ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ လုံခြုံစိတ်အေးချမ်းစွာ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်နိုင်ရန်အတွက် နေ့၊ ညမပျက် ဈေးမီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးလုပ်ငန်းများကို ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိသည့်အပြင် သတ်မှတ်ဈေးစည်းကမ်းများနှင့်အညီ စနစ်တကျ ဈေးရောင်းဝယ်နိုင်ရေး အသိပညာပေးခြင်း၊ ဈေးပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး ပညာပေးလက်ကမ်းစာစောင်များနှင့် ပလတ်စတစ်အစားထိုးပစ္စည်းများ အသုံးပြုနိုင်ရန် အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူများ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ) (၄၄၅)**



## နို့စားနွား ၆၃၃ ကောင်အတွက် အစားဖိုးငွေကျပ် ၃၁၆ ဒသမ ၅၀ သိန်း ထောက်ပံ့ပေးအပ်

**ကျောက်ဆည် ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် အခြေခံသမဝါယမအသင်းသားများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး နို့စားနွားမွေးမြူခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းနှင့်တာဝန်ရှိသူများက အဆိုပါ နို့စားနွားမွေးမြူသည့်တောင်သူများအား နွားအစာဖိုးအဖြစ် နို့စားနွားတစ်ကောင်အတွက်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် နွားကောင်ရေ ၆၃၃ ကောင်အတွက် ငွေကျပ် ၃၁၆ ဒသမ ၅၀ သိန်းအား ထောက်ပံ့ပေးအပ်ခဲ့ပြီး တန်ဖိုးသင့် ဘက်စုံသီးနှံသုံး စမ်းဝတီသဘာဝမြေဩဇာများအား မိတ်ဆက်ရှင်းလင်းခဲ့သည်။

ထိုသို့ နွားစားဖိုးများ ထောက်ပံ့ပေးအပ်ရာ၌ မြေစိုမိုးကောင်းကျေးရွာ အခြေခံ သမဝါယမအသင်းသား တောင်သူ ၃၂ ဦး မွေးမြူထားသည့် နို့စားနွားကောင်ရေ ၄၀ ၊ အရှေ့ရွာနန်းကျေးရွာအခြေခံသမဝါယမ အသင်းသားတောင်သူ ၁၈ ဦး မွေးမြူထားသည့် နို့စားနွားကောင်ရေ ၁၀၅ ကောင်၊ အရှေ့ရေပြားတောကျေးရွာ အခြေခံသမဝါယမအသင်းသားတောင်သူ ၁၉ ဦးမွေးမြူထားသည့် နို့စားနွားကောင်ရေ ၁၀၁ ကောင်၊ ဖျောက်ဆိပ်ပင်ကျေးရွာ အခြေခံသမဝါယမ အသင်းသားတောင်သူ ၂၇ ဦး မွေးမြူထားသည့် နို့စားနွားကောင်ရေ ၂၂၀၊ သင်္ဂတုံကျေးရွာ အခြေခံသမဝါယမအသင်းသားတောင်သူ ၂၉ ဦး မွေးမြူထားသည့် နို့စားနွားကောင်ရေ ၁၆၇ ကောင်၊ စုစုပေါင်း အသင်းသား တောင်သူ ၁၂၅ ဦး နို့စားနွားကောင်ရေ ၆၃၃ ကောင်အတွက် ငွေကျပ် ၃၁၆ ဒသမ ၅၀ သိန်းအား လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် တန်ဖိုးသင့်ဘက်စုံသီးနှံသုံးစမ်းဝတီသဘာဝမြေဩဇာများအား ရောင်းချပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၈၅)**

## နွေရာသီမြန်မာ့သိုင်းသင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပ

**အထက်မင်းလှ ဧပြီ ၃**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၌ တပ်မတော်အကြီးစားစက်ရုံ (မလွန်)မှ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီမြန်မာ့သိုင်းသင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲက မလွန်အခြေခံပညာအထက်တန်းကျောင်း၊မြဇရာခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် တပ်မတော်အကြီးစားစက်ရုံ (မလွန်)မှ စက်ရုံမှူးကြီး၊ ဒုတိယ ဗိုလ်မှူးကြီး ညီညီထွန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် နွေရာသီကာလတွင် ဖွင့်လှစ်ခဲ့သည့် အားကစားသင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲကျင်းပရာ မြန်မာ့သိုင်းသင်တန်း၊ ဘော်လီဘောသင်တန်း၊ ရိုးရာခြင်းခတ်သင်တန်း၊ ပိုက်ကျော်ခြင်း သင်တန်းများတွင် တက်ရောက်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူများအား



သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြပြီး သင်တန်းနည်းပြဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါနွေရာသီအားကစားသင်တန်းများကို ၂၀၂၅ ခုနှစ် မတ်၂၀ ရက်မှ ၃၁ ရက်အထိ သင်တန်းသား၊ သင်တန်းသူ ၇၄ ဦးအား သင်တန်းနည်းပြဆရာ၊ ဆရာမများက သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ "ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့်သိပ္ပံနယ်ပယ်(၂)ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်…

❖ လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ် (၂) ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလို…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ရက်နေ့တွင်ပြုလုပ်သော ၂၀၂၄ ခုနှစ်၊တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများနှင့် ရေလွှဲဆည်နှင့်တမံများအား လိုက်လံကြည့်ရှုစစ်ဆေး



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ဖွင့်လှစ်ထားရှိသည့် ယာယီဆေးရုံ(ပေါင်းလောင်း)၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရပ်သားပြည်သူများအား အားပေးစကားပြောကြားစဉ်။

နေပြည်တော် ဧပြီ ၃

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီက ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် ရေလွှဲဆည်နှင့်တမံများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### လိုအပ်သည်များ လမ်းညွှန်မှာကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒက္ခိဏသီရိမြို့နယ် သံတမန်ဇုန် သဇင်လမ်းနှင့် မြစ်မခလမ်းထောင့်ရှိ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းရုံး (MCI)သို့ သွားရောက်၍ အဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၇ သို့ ★

## ပြင်သစ်ဖလား ဗိုလ်လုပွဲအဆင့်တွင် ပီအက်စ်ဂျီအသင်းနှင့် Reims အသင်းတို့ တွေ့ဆုံ

**လန်ဒန် ဧပြီ ၃**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပြင်သစ်ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဗိုလ်လုပွဲအဆင့် ထွက်ပေါ်လာခဲ့ပြီး ပီအက်စ်ဂျီအသင်းနှင့် Reims အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်ဖလား ဆီမီးဖိုင်နယ်အဆင့်တွင် Dunkerque အသင်းအား လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်အထိ တက်ရောက်နိုင်ခဲ့သလို၊ Reims အသင်းသည်လည်း ကိန်းစ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်ဖလား ဗိုလ်လုပွဲစဉ်အား လာမည့် မေ ၂၅ရက်တွင် ပီအက်စ်ဂျီအသင်းနှင့် Reims အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

၀-၀-၀-၀

၀-၀-၀-၀-၀

